မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇွန် ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၅၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မလိကျွန်းနှင့်ကျွန်းစုမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒေသခံများနှင့်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇွန် ၁၃

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၁ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မလိကျွန်းရှိ နယ်မြေခံတပ်စခန်းသို့သွားရောက်၍ မလိခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်မှာကြားကာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့က မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

တက်ညီလက်ညီကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်တိုင်းမှူးတို့သည် မလိကျွန်း တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း ခေါင်းကြီးဆောင်းပါး အညွှန်း

❒ အဖျက်အမှောင့်သမားများက မည်သို့ပင် သွေးခွဲကြစေကာမူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအဖွဲ့များသည် နိုင်ငံတော်၏ သဘောထားအစစ်အမှန်ကို ယုံကြည်လက်ခံထားကြပြီး ပြည်ထောင်စု မပြိုကွဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာသူများအဖြစ် တစ်သွေးတည်းတစ်သားတည်း ခိုင်ကျည်မြဲမြံစွာ ထာဝရ ရပ်တည်သွားမည်သာဖြစ်။

ခေါင်းကြီး(စာ-၂)

❒ ယခုအခါ အမျိုးသားသွေးဌာနသည် တစ်လတွင် သွေး ၁၅၀၀ မှ ၂၀၀၀ယူနစ်အကြားတွင် လိုအပ်လျက်ရှိပြီး စေတနာသွေးလှူရှင်များမှ လှူဒါန်းမှုမှာ ၆၅ ရာခိုင်နှုန်းအထိရှိနေပြီဖြစ်သည်။ အခြားဆေးရုံများရှိ လူနာများအား လုံလောက်စွာ ထောက်ပံ့ရန်မှာ လေးလ တစ်ကြိမ် မှန်မှန်လာရောက် လှူဒါန်းသော သွေးလှူရှင် ၁၅၀၀၀ ခန့်ရရှိပါက တစ်နှစ်စာ လုံလောက်စွာ ထောက်ပံ့နိုင်မည်ဖြစ်သည်။

ဒေါက်တာသီတာအောင်၏ဆောင်းပါး(စာ-၁၀)

မိုးရာသီ မိုးစပါးစိုက်ပျိုးရေးတာဝန်ပေးအပ်ရည်မှန်းချက်အောင်မြင်ကျော်လွန်ရေးကြိုးပမ်း တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌မှာကြား

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းလုပ်ငန်းများကြည့်ရှုစစ်ဆေး လုပ်ငန်းတိုင်း ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇွန် ၁၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောလွင်လိုက်ပါလျက် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) ကြေးနီသတ္တုတွင်းလုပ်ငန်းသို့ရောက်ရှိပြီး မြန်မာအိုင်ဗင်ဟိုးကြေးနီကုမ္ပဏီ၏ Fine Screening Plant တပ်ဆင်ပြီးစီး၍ လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

ကြည့်ရှုစစ်ဆေး

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ပြင်ဦးလွင်မြို့နယ်ရှိ ကျားတွင်းရေ **သံသတ္တုမိုင်းတွင် သံသတ္တုရိုင်းများ တူးဖော်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာသူများအဖြစ် တစ်သွေးတည်းတစ်သားတည်း ထာဝရရပ်တည်

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာသားကောင်းရတနာများဖြင့် စတင်သန္ဓေတည်ခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ တပ်မတော်သည် မြန်မာ့မြေကို ကျူးကျော်သိမ်းပိုက်ခဲ့သည့် နယ်ချဲ့နှင့်ဖက်ဆစ်တို့ကိုလည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်ခဲ့သည့် ပြည်တွင်း၊ပြည်ပအန္တရာယ်အသွယ်သွယ်ကိုလည်းကောင်း တွန်းလှန်ဖယ်ရှား တိုက်ထုတ်နိုင်ခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် စစ်မြေပြင်၏ သဘောသဘာဝအရ ရင်ဆိုင်တိုက်ခိုက်ရသည့် ရန်သူအပေါ် နေလိုမီးလို ကျင့်သုံးခဲ့သော်လည်း တိုင်းရင်းသားပြည်သူများအပေါ်တွင်မူ ရေလိုလလို ကျင့်သုံးခဲ့ပေသည်။

သမိုင်းစဉ်၏ လိုအပ်ချက်အရ တပ်မတော်သည် ၁၉၈၈ခုနှစ်မှစတင်ပြီး နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရသည့်အချိန် တစ်လျှောက်လုံးတွင်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဦးတည်ချက်၊ ရည်မှန်းချက်များ ချမှတ်ကာ လက်တွေ့ကျကျ ဖော်ဆောင်ပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးဖြစ်ကြသည့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး တပ်မတော်နှင့်သဘော ညီမျှစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို တစ်ဖက်တစ်လမ်းက ပါဝင်သယ်ပိုးနေကြပြီဖြစ်ပေသည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် ပင်ကိုဗီဇသဘောထားအတိုင်း ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအဖွဲ့များအပေါ်တွင်လည်း မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်သွေးတည်း တစ်သားတည်း၊ တစ်သမတ်တည်း ရိုးသားဖြူစင်စွာ ပြုမူဆက်ဆံလျက်ရှိသည်။

သို့ရာတွင် တပ်မတော်၏ သဘောထားအမှန်ကို မျက်ကွယ်ပြုကာ ၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNAစိုင်းရီနှင့် နောက်လိုက်တစ်စုသည် ပြည်ထောင်စုကို ဖြိုခွဲရန် ကြိုးပမ်းလျက်ရှိကြသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုနှင့် အကြမ်းဖက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် ကျူးလွန်နေသူ ဘိန်းဘုရင်အကြမ်းဖက်သမား SSAရွက်ဆစ်နှင့် ပူးပေါင်းသွားခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်သည့် နောက်ကွယ်မှ ဖြစ်ရပ်မှန်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ဇွန်လ ၁၂ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅)၌ ရှင်းလင်းပြောကြားသွားခဲ့ပေသည်။

၂၀၀၅ခုနှစ် မေလ ၂၁ရက်နေ့တွင် SSNAစိုင်းရီနှင့် နောက်လိုက်တစ်စု ဘိန်းဘုရင်အကြမ်းဖက်သမား SSAရွက်ဆစ်နှင့် ပူးပေါင်းသွားမှုအပေါ်တွင် မေလ ၂၂ရက်နေ့ ညပိုင်း ဘီဘီစီအသံလွှင့်ချက်၌ နိုင်ငံတော်အစိုးရက ၎င်းတို့အား အပြီးအပိုင်လက်နက်စွန့်ရန် ဖိအားပေးအကျပ်ကိုင်လာခြင်းကြောင့် ပူးပေါင်းရခြင်းဖြစ်ကြောင်း မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်သွားခဲ့သည်။

ဘီဘီစီ၏ မမှန်မကန် ထုတ်လွှင့်ချက်များသည် ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ စစ်မှန်သည့်စေတနာကို စော်ကားသော ထုတ်လွှင့်ချက်များသာဖြစ်သည်။ ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသည့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အတွင်းတွင် သံသယပွားအောင် ဘေးတီးထုတ်လွှင့်ချက်များသာ ဖြစ်ပေသည်။

SSNAစိုင်းရီနှင့် အင်အားအနည်းငယ်သာ တောတွင်းသို့ ပြန်ဝင်သွားခြင်းဖြစ်သော်လည်း SSNAလက်အောက် တပ်ဖွဲ့များတွင် အချို့အပြီးအပိုင် လက်နက်စွန့်လွှတ်အပ်နှံပြီး လုံးဝငြိမ်းချမ်းရေးတည်ဆောက်ကြခြင်း၊ အချို့ကလည်း နိုင်ငံတော်နှင့် လက်တွဲပြီး နေထိုင်လျက်ရှိသည့် မူလအနေအထားအတိုင်း ဆက်လက်ရပ်တည် နေခြင်းတို့သည် နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုစိတ်ဓာတ်အခြေခံသည့် မှန်ကန်မွန်မြတ်သော မူဝါဒသဘောထားများနှင့် လက်တွေ့လုပ်ဆောင်ချက်များအား ယုံကြည်လက်ခံခြင်းကြောင့်သာဖြစ်သည်ကို အထင်အရှားဖော်ညွှန်းလျက် ရှိပေသည်။

သို့ဖြစ်ရာ အဖျက်အမှောင့်သမားတို့က မည်သို့ပင် သွေးခွဲကြစေကာမူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအဖွဲ့များသည် နိုင်ငံတော်၏ သဘောထားအစစ်အမှန်ကို ယုံကြည်လက်ခံထားကြပြီး ပြည်ထောင်စုမပြိုကွဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာသူများအဖြစ် တစ်သွေးတည်း တစ်သားတည်း ခိုင်ကျည်မြဲမြံစွာ ထာဝရရပ်တည်သွားမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုလ္လဘရဟန်းခံနှင့် တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ခက်သင်စံပြကျေးရွာ ဝေဇယန္တာကျောင်းတိုက်၏ နှစ်စဉ်ကျင်းပသော ခုနစ်ရက်တရားစခန်းပွဲကို ဝါဆိုလဆန်း ၃ရက်မှ ၉ရက် (ဇူလိုင် ၈ ရက်မှ ၁၄ ရက်)အထိကျင်းပပြီး ဝါဆိုလဆန်း ၂ရက်တွင် ဒုလ္လဘရဟန်းအပါး ၅၀ ကျော်ကို သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ B.Sc (Phy:)၏ ကောင်းမှုဖြင့် ရဟန်းခံပေးပြီးတရားစခန်းပွဲကိုရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ B.Sc°(Phy:)က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား အဖွဲ့နှစ်ဖွဲ့ခွဲ၍လှည့်လည်စစ်ဆေး

ရန်ကုန် ဇွန် ၁၃

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဒုတိယအဖွဲ့ခေါင်းဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးတို့သည် အဖွဲ့ဝင်များဖြစ်ကြသော တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင်စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့သည် အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ (အပေါ်ပုံ)

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယမန်နေ့က စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)တို့ပါရှိခြင်း ရှိမရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်း၊ ရှိမရှိတို့ကိုစစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို အစည်းအဝေးခန်းမတွင် ဇွန် ၃ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်ခင်က ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ် ငွေကျပ် ၈၅၀၀၀ ထောက်ပံ့ပေးအပ်စဉ်။ (၁၈၀)

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြည့်ရှုစစ်ဆေး သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးအောင် ကြိုးပမ်းရေးမှာကြား

ရန်ကုန် ဇွန် ၁၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၀ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းအတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများဖြစ်သည့် ပင်မတမံအောက်ခြေမြစ်ကြမ်းပြင် ကွန်ကရစ်သွန်းလောင်းမှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်မည့်နေရာအား စက်ယန္တရားများဖြင့် တူးဖော်နေမှုအခြေအနေ၊ ရေယူအဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရေလွှဲဥမင်အတွင်း ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုအခြေအနေများကို အသေးစိတ်လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

စဉ်ဆက်မပြတ်ဆောင်ရွက်

ဝန်ကြီးက တာဝန်ရှိသူများအား ရဲရွာရေအားလျှပ်စစ်စီမံကိန်းအား သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးအောင် ကြိုးပမ်းကြရေး၊ မိုးရာသီမကျမီ ကြိုတင်ပြီးစီးရမည့် လုပ်ငန်းများ ပြီးပြတ်အောင် တည်ဆောက်ရေး၊ မိုးကာလအတွင်း ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို ကြိုတင်စီမံချက်များ စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိရေး၊ငွေကြေးနှင့်ပစ္စည်းသုံးစွဲမှု ခြိုးခြံ ချွေတာရေး၊ ယာဉ်ယန္တရားများ ကြံ့ခိုင်မှု စဉ်ဆက်မပြတ် ဆောင်ရွက်ကြရေး မှာကြားသည်။

ဖြန့်ဖြူးပေးမည်

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိပြီး တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်းပေါင်း၃၅၅၀ ထုတ်လုပ်ပေးနိုင်မည့် အကြီးစားရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး ထွက်ရှိမည့် ဓာတ်အားများကို ရွှေစာရံဓာတ်အားခွဲရုံနှင့် ကျောက်ဆည်(ဘဲလင်း) ဓာတ်အားခွဲရုံများမှတစ်ဆင့် မဟာဓာတ်အားလိုင်း စနစ်နှင့်ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရဲရွာရေအား လျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအား)

✳ *ရှေ့ဖုံးမှ*

ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီးနောက် ကျောင်းအစည်းအဝေးခန်းမ၌ မလိကျွန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ တိုင်းမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု အခြေအနေများနှင့် မလိကျွန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းမှာကြားကာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့သည် ကျောင်းပြင်ဆင်မွမ်းမံရန်အတွက် ငွေကျပ် ၁၀ သိန်းကို ခေတ္တကျောင်းအုပ်ဆရာမ ဒေါ်ညွန့်ညွန့်စိန်အား ပေးအပ်လှူဒါန်းပြီးနောက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှုအားပေး

ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ကျွန်းစုမြို့နယ်မြေခံတပ်နယ်၏ ရော်ဘာမျိုးကိုင်းပွားစိုက်ခင်း၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ရော်ဘာမျိုးကိုင်းပွား ပင်တစ်ပင်ကို စိုက်ပျိုးပေး၍ တာဝန်ရှိသူများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ တပျော်တပါး စုပေါင်း၍ မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့သည် ကျွန်းစုမြို့နယ်ရှိ ကတန်ရော်ဘာခြံသို့သွားရောက်ခဲ့ရာ ခြံတာဝန်ခံ ဗိုလ်မှူးအောင်သူက ရော်ဘာခြံစီမံကိန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ကတန်ရော်ဘာခြံစီမံကိန်းအောင်မြင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ကတန်ကျေးရွာအမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့သွားရောက်၍ ကျောင်းအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ငါးသိန်းကိုးသောင်းနှင့် စာကြည့်တိုက်ဖွင့်လှစ်ရန်အတွက် ငွေကျပ် နှစ်သိန်းသုံးသောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စုတင်ထံ ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် နယ်မြေခံတပ်နယ်၏အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဝက်မွေးမြူရေးခြံသို့လည်းကောင်း၊ တပ်တွင်းမူလတန်းကြိုကျောင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တနင်္သာရီခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိစစ်သည်မိသားစုဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

မှာကြားဖြည့်ဆည်း

နံနက် ၁၀ နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ကျွန်းစုမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းညွန့်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဒေသဝမ်းစာဖူလုံရေးနှင့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းလျှော်ထားချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့သည် မွန်းလွဲပိုင်းတွင် မြိတ်မြို့သစ် အကောင်အထည်ဖော်တည်ဆောက်မည့် မြေနေရာ ရှင်းလင်းဖော်ထုတ်ဆောင်ရွက်ထားရှိမှုများနှင့် ဆိပ်ကမ်းတံတားအသစ်များ တည်ဆောက်မှုလုပ်ငန်းအခြေအနေကိုလည်းကောင်း၊ လွတ်လွတ်ဆိပ်ကမ်းရှိ ငါးလုပ်ငန်းဦးစီးဌာနနှင့် သာထူးအောင်ကုမ္ပဏီတို့ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည့် ရေငန်ပုစွန် မွေးမြူရေးကန်များ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရာတော်မြို့နယ် ဘောင်းကျကျေးရွာ ရွှေဘုံသာစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

မုံရွာခရိုင် အရာတော်မြို့နယ် ဘောင်းကျကျေးရွာ ရွှေဘုံသာစေတီတော်မြတ်ကြီး ပရဝဏ်အတွင်းရှိ ပြုပြင်တည်ဆောက်ပြီးစီးခဲ့သော ရွှေဘုံသာစေတီတော်မြတ်ကြီး၏ စေတီတော်များ ထီးတော်အသစ်တင်လှူပွဲ အခမ်းအနားကို ဇွန် ၂၁ ရက်တွင် ရွှေဘုံသာစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စေတီတော်မြတ်ကြီး၏ စေတီတော်နှင့် အရံစေတီတော်များကို အလှူရှင် မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလ၊ ဘောင်းကျကျေးရွာ ဦးစံဝင့် မိသားစု၊ မန္တလေးမြို့ ဦးခင်မောင်ဝင်း–ဒေါ်နီနီသန်း (ထိပ်တန်းစက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုတို့က ပြုပြင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထီးတော် တင်လှူပွဲ အခမ်းအနားသို့ အလှူရှင်များ ကြွရောက် ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ၁၄၆/၁၄၈ ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နေ မနီနီအေး မိသားစုက အလှူငွေ FEC ၂၀၀ ကို ဖြစ်မြောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သုဝဏ္ဏအထက ကျောင်းသားကျောင်းသူဟောင်းများ ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၃

သုဝဏ္ဏ အထက ကျောင်းသားကျောင်းသူဟောင်းများ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီက အငြိမ်းစားဆရာဆရာမများ လူမှုရေးထောက်ပံ့မှုကော်မတီနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ငွေလှူဒါန်းပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အထက(သုဝဏ္ဏ)ကွန်ပျူတာခန်း၌ ကျင်းပရာ အငြိမ်းစားဆရာဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ အငြိမ်းစား ဆရာ ဆရာမများ၊ လူမှုရေးထောက်ပံ့မှုကော်မတီ ဥက္ကဋ္ဌ ဦးလှတင်နှင့် အဖွဲ့ဝင်များ၊ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးစိုးပိုင်၊ ဦးမျိုးဇော်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

လှူဒါန်းနိုင်

အခမ်းအနားတွင် အငြိမ်းစားဆရာ ဆရာမများ လူမှုရေးထောက်ပံ့မှုကော်မတီသို့ အလှူငွေကျပ် ငါးသိန်းနှင့် ကျောင်းဘက်စုံ ဖွံ့ဖြိုးရေးအတွက် အလှူ ငွေကျပ် နှစ်သိန်း လှူဒါန်းကြသည်။ **(အပေါ်ပုံ)** အငြိမ်းစားဆရာဆရာမများ လူမှုထောက်ပံ့ရေးကော်မတီသို့ လှူဒါန်းလိုပါက ဦးထွန်းမင်း ဖုန်း–၅၆၅၂၃၁၊ ဒေါ်ရီရီမြင့် ဖုန်း–၅၆၅၂၄၇၊ ဦးစိုးပိုင် ဖုန်း–၅၇၀၄၄၀ နှင့် ဦးဥက္ကာအေး ဖုန်း–၅၆၂၃၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း ၁၂ လမ်းမှ ညောင်ကွဲကျေးရွာအထိ စုစုပေါင်း ပေ ၃၉၀၀ ရှိ ကမ်းနား မြို့ပတ်လမ်းအား စက်ယန္တရားများဖြင့် မြေဖို့ခြင်း၊မြေကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု

အာဆီယံနိုင်ငံများဈေးကွက်အတွက်အကျိုးရှိ

ဗန်ကောက် ဇွန် ၁၃

တရုတ်နိုင်ငံ၏ စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုသည် အာဆီယံနိုင်ငံများ၏ ဈေးကွက်အလားအလာအတွက် အကျိုးကျေးဇူးများရှိလာမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ဇွန် ၁၀ရက်နေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် အောင်မြင်မှုရရှိခဲ့ပြီး လွန်ခဲ့သောနှစ်များစွာကတည်းက တရုတ်နိုင်ငံသည်အာဆီယံနိုင်ငံများ၏ အဓိကကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့သည်ဟု ကမ္ဘာ့နိုင်ငံများမှ နိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များတက်ရောက်ကြသည့် ဗုဒ္ဓဟူးနေ့မှ သောကြာနေ့ထိ ကျင်းပခဲ့သော(၁၅)ကြိမ်မြောက် အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ညီလာခံတွင် ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တိုးတက်ခဲ့

တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်တက်လာခဲ့ခြင်းအတွက် အာဆီယံနိုင်ငံအများအပြား၏ ပြည်ပပို့ကုန် အခန်းကဏ္ဍကျယ်ပြန့်လာခဲ့ပြီး ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများလည်း နောက်ထပ်တိုးတက်ရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

နှစ်ဆခုန်တက်

ဥပမာအားဖြင့် ထိုင်းနိုင်ငံဆိုလျှင် တရုတ်နိုင်ငံမှ ရော်ဘာဝယ်ယူမှုတိုးမြှင့်လာသောကြောင့် သုံးနှစ်တာကာလတိုအတွင်း ထိုင်းနိုင်ငံမှ ထုတ်လုပ်သော ရော်ဘာဈေးနှုန်းများသည် နှစ်ဆသို့ ခုန်တက်ခဲ့ကြောင်း ဥပမာပေး ပြောကြားသွားသည်။

မိတ်ဖက်နိုင်ငံ

ယခုနှစ်၏ ပထမငါးလအတွင်း တရုတ်နှင့် အာဆီယံ အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၀ဒသမ၇၂ဘီလီယံရှိသောကြောင့် အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏ စတုတ္ထမြောက် ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများ ဖြစ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကျောင်းသားနှင့်ဆရာအချိုးကိုက်ညီရေး

နီပေါပညာရေးအဖွဲ့ ကြိုးပမ်းမည်

ခတ္တမန္ဒူ ဇွန် ၁၂

နီပေါပညာရေးအာဏာပိုင်အဖွဲ့သည် နီပေါနိုင်ငံအတွင်း ကျောင်းသား၊ ဆရာဆရာမ အချိုးညီစေရန် ဆရာဆရာမများ အရေအတွက်ကိုတစ်နှစ်အတွင်း ပြန်လည် စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန်၁၀ရက်နေ့၌ ပြောကြားသည်။

နီပေါပညာရေးနှင့် အားကစားဝန်ကြီးဌာနသည် အဆိုပါ ဆရာဆရာမ အရေအတွက်များကို ပြန်လည်ခွဲဝေမည် ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဝန်ကြီးအားပြောခွင့်ရ ပုဂ္ဂိုလ်က ပြောကြားသည်။

မှတ်ချက်ပြု

ကျောင်းသား နည်းသော ဒေသများ၌ ဆရာ ဆရာမ အင်အားများနေခြင်း၊ ကျောင်းသားများသော ဒေသများတွင် ဆရာ ဆရာမ အင်အားနည်းနေခြင်းတို့ကြောင့် မူလတန်းအဆင့်တွင် ဆရာ ဆရာမ ဝေစုများ အချိုးမညီဖြစ်ခဲ့ရကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

ပြောကြား

နီပေါနိုင်ငံ ခရိုင်၇၅ရာခိုင်နှုန်းအနက် ခရိုင်၃၀ခန့်သည် ယင်းပြဿနာကို ကြုံတွေ့နေရကြောင်း၊ ဆရာတစ်ဦးတည်းဖြင့် ကျောင်းသားများပြားသည့် အခန်းကို ကိုင်တွယ်ရန် မလွယ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါခရိုင်တွင် ဆရာနှင့် ကျောင်းသား အချိုးသည် တစ်အချိုး၆၀ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အကြမ်းဖက်တိုက်ခိုက်မှုများကို ဟန့်တားရန်

အထူးအေဂျင်စီတစ်ရပ် အင်ဒိုနီးရှားဖွဲ့စည်းမည်

ဂျကာတာ ဇွန် ၁၂

အနာဂတ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကို ဟန့်တားသွားရန် ကြိုးပမ်းရာတွင် အာဏာပိုင်များနှင့် အေဂျင်စီများ ညှိနှိုင်းမှုမရှိ မဖြစ်စေရန်အတွက် အကြမ်းဖက်မှု နှိမ်နင်းရေး အထူးအေဂျင်စီတစ်ရပ် ဖွဲ့စည်းသွားမည်ဟု အင်ဒိုနီးရှားအစိုးရက ပြောကြားကြောင်းဂျကာတာပို့စ်က ဇွန်၈ရက် ဗုဒ္ဓဟူးနေ့၌ သတင်းရေးသားဖော်ပြလိုက်သည်။

အဆိုပါ အကြမ်းဖက်မှု နှိမ်နင်းရေး အထူးအေဂျင်စီကို ပြည်နယ်အဆင့်၌ ထူထောင်ထားသော အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များက အထောက်အကူပေးမည် ဖြစ်ကာ ထိုလုပ်ငန်းအဖွဲ့များကို အုပ်ချုပ်ရေးမှူးများ၏ အာဏာပိုင်မှုအောက်တွင် ထားရှိမည်ဖြစ်သည်။

တိုးချဲ့

အကြမ်းဖက်မှု နှိမ်နင်းရေး အထူးအေဂျင်စီသည် လုံခြုံရေးနှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံးက ဦးစီးချုပ်ကိုင်ထားသည့် လက်ရှိအကြမ်းဖက်မှု နှိမ်နင်းရေးလုပ်ငန်းအဖွဲ့အား တိုးချဲ့ဖွဲ့စည်းခြင်းဖြစ်မည်ဟု သိရသည်။

အေဂျင်စီသည် အကြမ်းဖက်ခြိမ်းခြောက်မှုများကို ကြိုတင်စုံစမ်းထောက်လှမ်းနိုင်ရန် ကြိုးပမ်းရာတွင် ဥပဒေအာဏာတည်ရေး အေဂျင်စီများကြား လက်ရှိအခြေအနေ၌ ညှိနှိုင်းမှုမရှိခြင်းကို ရင်ကြားစေ့ပေးရန် လိုအပ်ခဲ့သည်။

ထိရောက်စွာ

အကြမ်းဖက်မှုကို ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများက ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု လုံခြုံရေးနှင့် နိုင်ငံရေးညှိနှိုင်းမှုဝန်ကြီး ဝီဒိုဒိုအဒီဆူဆစ်ပ်တို့က ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ရေတင်ဘီး

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ရီချန်းမြို့ရှိ လက်မှုအနုပညာပစ္စည်း အရောင်းဆိုင်တစ်ဆိုင်၌ ဝါးဖြင့်ပြုလုပ်ထားသော ရေတင်ဘီး အမှတ်တရ ပစ္စည်းကို ဇွန်၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

မူးယစ်ဆေးမှောင်ခိုရောင်းဝယ်မှုနှိမ်နင်းရေး

ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်သွားမည်

ဖနောင်ပင် ဇွန် ၁၂

မူးယစ်ဆေးမှောင်ခို ရောင်းဝယ်ခြင်းကို ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့က ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရာရှိတစ်ဦးက ဇွန် ၉ရက် ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် အလည်ရောက်နေသော ထိုင်းကာကွယ်ရေးဝန်ကြီး သမ်မာရက်စ် အစ်ဆန်ရန်ကူရာနှင့် ဇွန် ၉ ရက်နေ့လည်ပိုင်းတွင် ထိုမူးယစ်ဆေးဝါးကိစ္စကို ဆွေးနွေးခဲ့သည်။

နှိမ်နင်း

မိမိယခု လာရောက်လည်ပတ်ခြင်းသည် နယ်ပယ်အမျိုးမျိုးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေး မှောင်ခိုရောင်းဝယ်မှုတွင် ပူးပေါင်းနှိမ်နင်းသွားမည်ဖြစ်ကြောင်း သမ်မာရက်စ်က ဝန်ကြီးချုပ် ဟွန်ဆန်အား ပြောကြားခဲ့သည်ဟု ဝန်ကြီးချုပ်၏ လက်ထောက်အရာရှိက သတင်းထောက်များကို ပြောကြားသည်။

ဟွန်ဆန်သည် နှစ်နိုင်ငံတပ်ဖွဲ့များ၏ ကောင်းမွန်သော ဆက်ဆံရေးကို တန်ဖိုးထားခဲ့ပြီး မူးယစ်ဆေးဝါးသည် ငယ်ရွယ်သူများကို အကြီးအကျယ်ခြိမ်းခြောက်နေကြောင်း ကမ္ဘောဒီးယားနိုင်ငံသည် ထိုင်းနိုင်ငံနှင့်အတူ မူးယစ်ဆေးဝါးကို ပူးပေါင်းနှိမ်နင်းသွားလိုကြောင်း ပြောကြားသည်။

ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ မြန်မာနှင့် ကုလသမဂ္ဂ မူးယစ်ဆေးထိန်းချုပ်ရေးအစီအစဉ် (ယူအင်န်ဒီစီပီ)တို့သည် ဒေသအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းနှိမ်နင်းရေးသဘောတူစာချုပ်ကို ပြီးခဲ့သည့်လက ချုပ်ဆိုခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံတွင်

အပြစ်မဲ့ အကျဉ်းကျခံနေရသူများရှိ

ကုလအတွင်းရေးမှူးချုပ် အစီရင်ခံစာတွင်ဖော်ပြ

ကုလသမဂ္ဂ ဇွန် ၁၂

အရှေ့အလယ်ပိုင်းနိုင်ငံ အီရတ်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက မတရားဖမ်းဆီးထားခြင်းခံရသော အီရတ်လူမျိုး ထောင်ပေါင်းများစွာကျန်ရှိနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဇွန်၈ရက် ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဖော်ပြ

ယင်းမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်မှာ ထင်ရှားလျက်ရှိကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်သွင်းသည့် အစီရင်ခံစာတစ်စောင်တွင် အာနန်က ဖော်ပြခဲ့သည်။

ဧပြီလတွင် အီရတ်နိုင်ငံများရှိ အကျဉ်းသား ၁၀၀၀၀အနက် ၆၀၀၀သည် အမေရိကန်နှင့် အပေါင်းပါ နိုင်ငံစုံတပ်ဖွဲ့လက်ထဲတွင် ကျခံနေရကြောင်း အီရတ်တရားရေးဝန်ကြီးဌာန အချက်အလက်များကို အစီရင်ခံစာက ကိုးကားဖော်ပြခဲ့သည်။

ကြီးထွားဆဲ

ထိန်းသိမ်းထားသူအချို့ကို လွှတ်ပေးခဲ့သော်လည်း အရေအတွက်မှာ ဆက်လက်ကြီးထွားဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ရှေ့နေများနှင့် တရားရုံးတာဝန်ရှိသူများကို တွေ့ခွင့်မပေးဘဲ အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားခြင်းကို နိုင်ငံတကာဥပဒေက တားမြစ်ထားကြောင်း၊ အီရတ်တွင် အဓိကလူ့အခွင့် အရေးစိန်ခေါ်မှုများအနက် တစ်ခုမှာ လုပ်ထုံးလုပ်နည်း အစီအစဉ်မရှိဘဲ ထိန်းသိမ်းထားသည့် လူထောင်ပေါင်းများစွာ ကျန်ရှိနေခြင်းပင်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

စောင့်ကြပ်

ဘဂ္ဂဒက်မြောက်ပိုင်း ဆူလာအရပ်တွင် ကားဗုံးပေါက်ကွဲသည့် နေရာအား အမေရိကန်စစ်ယာဉ်များ လုံခြုံရေး စောင့်ကြပ်နေသည်ကို ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ အထည်အလိပ်ထုတ်ကုန်များအပေါ် စုံစမ်းစစ်ဆေးမှုများရပ်ဆိုင်းရန် အီးယူသဘောတူညီ

ပေကျင်း ဇွန် ၁၂

ဥရောပသမဂ္ဂ (အီးယူ)သည် တရုတ်နိုင်ငံ၏ အထည်အလိပ်ထုတ်ကုန် ၁၀မျိုးအပေါ် စုံစမ်းစစ်ဆေးမှုများကို ရပ်ဆိုင်းရန် သဘောတူညီခဲ့သည်။ ယင်းသဘောတူညီချက်အား ရှန်ဟိုင်းမြို့တွင် ဇွန် ၁၁ရက်က နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့အပြင် တရုတ်နိုင်ငံနှင့်ဥရောပသမဂ္ဂသည် တရုတ်နိုင်ငံ အထည်အလိပ်ထုတ်ကုန် ၁၀မျိုးအား၂၀၀၅ ခုနှစ် ဇွန်၁၁ရက်မှ ၂၀၀၇ ခုနှစ်အထိ ဥရောပသမဂ္ဂ နိုင်ငံများ ဈေးကွက်သို့ နှစ်စဉ်ပြည်ပ ပို့ကုန်များတိုး၍ ပို့ဆောင်ရန်အတွက်လည်း အများ၏ သဘောတူညီမှုကို ရရှိခဲ့ကြသည်။ ထိုသဘောတူညီမှုသည် ကုန်ပစ္စည်း၏ အရည်အသွေးပေါ်တွင် အခြေခံပြီး နှစ်စဉ်ပြည်ပပို့ကုန်၏ တိုးမြှင့်မှုကို ထိုကာလအတွင်း ၈ရာခိုင်နှုန်းနှင့် ၁၂ဒသမ၅ ရာခိုင်နှုန်းအထိသာကန့်သတ်ခဲ့ကြောင်း တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုသဘောတူညီချက်တွင်အထည်အလိပ် ကုန်သွယ်မှုကြောင့်ဖြစ်ပေါ်လာသောပြဿနာများကို နှစ်ဖက်စလုံးက ကိုင်တွယ်ဖြေရှင်းသွားရန်ကိုလည်း သဘောတူညီခဲ့သည်။

ထိုအထည်အလိပ်ထုတ်ကုန်ပစ္စည်း ၁၀မျိုးမှာ ချည်ထည်ပိတ်များ၊ တီရှပ်၊ ခေါင်းစွပ်ဆွယ်တာအင်္ကျီ၊ ဘောင်းဘီရှည်၊ ဘလောက်စ်အင်္ကျီ၊ အိပ်ရာခင်း၊ အမျိုးသမီးဝတ်ဂါဝန်များ၊ ဘရာစီယာ၊ စားပွဲခင်းနှင့် ချည်ခင်တို့ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဖျော်ဖြေတင်ဆက်

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်ရှိ ကျီယန်မြို့တွင် တောင်ကိုရီးယားနိုင်ငံမှ အမျိုးသမီးယဉ်ကျေးမှု အကအဖွဲ့တစ်ဖွဲ့ ဖျော်ဖြေတင်ဆက်နေသည်ကို ဇွန်၁၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–ဆင်ဟွာ)



စင်ကာပူ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

စင်ကာပူ ဇွန် ၁၂

“လုံခြုံဘေးကင်းမှုကို စဉ်းစားပါ၊ ထပ်မံစဉ်းစားပါ”ဆိုသော ဆောင်ပုဒ်ကို ဖော်ညွှန်းလျက် စင်ကာပူနိုင်ငံ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှစ်ပတ်လည် အခမ်းအနားကို ရဲအဖွဲ့သီတင်းပတ်ပွဲတော်နှင့်အတူ ဇွန် ၁၁ရက် စနေနေ့က ပူးတွဲကျင်းပလိုက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဥပဒေနှင့်ပြည်တွင်းရေး အဆင့်မြင့် ဝန်ကြီး ဟိုပင်ကီးက မော်တော်ဆိုင်ကယ် မောင်းနှင်သူများ၊ သက်ကြီးဝါကြီးများအပြင် မူလတန်းနှင့် အလယ်တန်းကျောင်းသူ ကျောင်းသားများသည် လမ်းပေါ်ရှိ အန္တရာယ်ရရှိနိုင်သောသူများဖြစ်ကြကြောင်း ဖော်ထုတ် ပြောကြားခဲ့သည်။

အနည်းငယ်ပိုခဲ့

ယခုနှစ်၏ ပထမသုံးလအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူစုစုပေါင်း အရေအတွက်သည်ယမန်နှစ်အလားတူကာလ၌ရှိခဲ့သော၅၈ ဦးမှ ၄၅ဦးသို့ လျော့ကျခဲ့သော်လည်း သေဆုံးသည့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများနှင့် နောက်ထိုင်ခုံ၌ လိုက်ပါစီးနင်းသူအရေအတွက်သည် စုစုပေါင်း၏ ထက်ဝက်ထက်အနည်းငယ်ပိုခဲ့သည်ဟု ဟိုပင်ကီးက ပြောကြားသည်။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးသည့် စုစုပေါင်းအရေအတွက် ၄၅ဦး၏ ၂၄ ရာခိုင်နှုန်းခန့်ဖြစ်သော လမ်းလျှောက်သူများတွင် ၈၂ ရာခိုင်နှုန်းမှာ အသက်၆၀နှင့်အထက်ရှိကြသူများဖြစ်ကြောင်း ဟိုပင်ကီးက ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် အီရန်ဆန္ဒရှိ

ဒါကာ ဇွန် ၁၂

ယဉ်ကျေးမှုနီးစပ်သော နှစ်နိုင်ငံအကြားစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အပြန်အလှန် တိုးမြှင့်ပြုလုပ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီမှု(အက်ဖ်တီအေ) စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် အီရန်နိုင်ငံ မျှော်လင့်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် နယူးအေ့ဂျ်သတင်းစာက ဇွန် ၉ ရက် ကြာသပတေးနေ့တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မဟာဗျူဟာကျသော ဆက်ဆံမှုပြုလုပ်ရန် ဆန္ဒရှိနေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး မိုဟာမက်ရှရတ်မာဒါရီက ပြောကြားသည်ဟု နယူးအေ့ဂျ် သတင်းစာတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးက ပြောကြားရာတွင် အီရန်နိုင်ငံ၏ ခိုင်မာသောဈေးကွက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ယာစိုက်ပျိုးရေးထွက်ကုန်များ၊ အထူးသဖြင့် လက်ဖက်ခြောက်နှင့် ဆန်တို့ အထွက်ကြီးမားသော ဈေးကွက်တစ်ခုပင်ဖြစ်ကြောင်း ပြောကြားသည်။ အီရန်နိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတပေါကြွယ်ဝမှုသည် ကမ္ဘာတွင် ဒုတိယအကြီးမားဆုံး နိုင်ငံဖြစ်သည်။ ထို့ကြောင့် စက်မှုကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်သည် အီရန်နိုင်ငံ၏ ဦးစားပေးကဏ္ဍ ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲအဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက ဖိအားပေးလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ တောင်ပိုင်းရှိ အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆီးရီးယားထောက်လှမ်းရေးအဖွဲ့ လက်ဘနွန်၌ဆက်ရှိနေဆိုမှု အမေရိကန်စွပ်စွဲချက်အခြေအမြစ်မရှိဟု ဆီးရီးယားက ပြစ်တင်ဝေဖန်

ဒမတ်စကတ် ဇွန် ၁၂

ဆီးရီးယားထောက်လှမ်းရေးအဖွဲ့သည် လက်ဘနွန်နိုင်ငံတွင် ဆက်လက်လုပ်ငန်းဆောင်ရွက်နေဆဲရှိကြောင်း အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲချက်မှာအခြေအမြစ်မရှိဟု ဆီးရီးယားနိုင်ငံက ဇွန်၁၀ရက်သောကြာနေ့၌ ပြစ်တင်ဝေဖန်ပြောဆိုလိုက်သည်။

ဆီးရီးယားနိုင်ငံသည် လက်ဘနွန်နိုင်ငံနှင့်အစဉ်သဖြင့်ရှင်းရှင်းလင်းလင်း ဆက်ဆံခဲ့ပြီး လျှို့ဝှက်သည့် သဘောသဘာဝ မရှိခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီး မာဒီဒက်ခ်လူလာက သတင်းထောက်များကို ပြောကြားသည်။

ထိုစွပ်စွဲချက်များသည်လက်ဘနွန်နိုင်ငံ၌ ဖြစ်ပေါ်ပြောင်းလဲမှုများကို အမေရိကန်ပြည်ထောင်စု၏ ကျေနပ်မှုမရှိသည့် အထောက်အထားပင် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စစ်ဆေး

ဆီးရီးယားတပ်ဖွဲ့ဝင်များအားလုံးနှင့် ထောက်ပံ့ရေး တပ်ဖွဲ့များအားလုံး လက်ဘနွန်မှရုပ်သိမ်းခဲ့ပြီးဖြစ်ရာ ယင်းကို ကုလသမဂ္ဂက စစ်ဆေး အတည်ပြုခဲ့ကြောင်း ၎င်းကပြောကြားသည်။

တိုက်တွန်း

လက်ဘနွန်နိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံဖြစ်သည့် အလျောက် အခြားနိုင်ငံများနှင့် ဆက်ဆံရေးကိုဆုံးဖြတ်နိုင်ကြောင်း ၎င်းက ပြောကြားပြီး လက်ဘနွန်ကိုယ်စား ပြောနေသူများအားလုံး လက်ဘနွန်၏ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်မှုကိုလေးစားကြောင်း ပြသရန် တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တွင်လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၂

ဘဂ္ဂဒက်အနောက်ဘက် အမေရိကန်စစ်ယာဉ်တစ်စီးအနီး လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဇွန်၁၁ရက်၌ ပြောကြားသည်။

သေဆုံးသွားသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ အမှတ်(၈) တိုက်ခိုက်ရေးတပ်ရင်းနှင့်အမှတ်(၂)မရိန်းတပ်ခွဲမှဖြစ်ကြောင်း၊ ယင်းတို့ နှစ်ဦးသည် ဇွန်၁၀ရက်က လက်လုပ်ဗုံးတစ်လုံး ၎င်းတို့၏မော်တော်ယာဉ် အနီးပေါက်ကွဲခဲ့၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်အစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်ခံရမှုသည် အန်ဘာပြည်နယ်ဖလူးဂျာမြို့အနောက်ဘက် ဆာလာဝီရပ်မြို့ဝင် စစ်ဆေးရေးဂိတ်၌ဖြစ်ကြောင်း ၎င်းအစီရင်ခံစာတွင် ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းဖောက်ခွဲဖျက်ဆီးခံရ ရေနံစိမ်းအမြောက်အမြား ယိုစိမ့်စီးဆင်း

တီကရစ် ဇွန် ၁၂

အီရတ်နိုင်ငံမြောက်ပိုင်းရှိ အဓိကရေနံပိုက်လိုင်းတစ်လိုင်းကို အဖျက်သမားများကဇွန်၉ရက်၌ ဖောက်ခွဲ ဖျက်ဆီးလိုက်ကြောင်း ရဲအဖွဲ့က ဇွန် ၁၀ရက် သောကြာနေ့၌ ပြောကြားသည်။

အဆိုပါ ပိုက်လိုင်းသည် ကယ်ကွတ်ရေနံတွင်းများမှ ရေနံစိမ်းများကို ဘေဂျီရေနံချက်စက်ရုံသို့ ပေးပို့နေသည့် အဓိကပိုက်လိုင်းတစ်လိုင်းဖြစ်ကြောင်း၊ ရေနံစိမ်းအမြောက်အမြားသည် ပိုက်လိုင်းအနီးရှိ ကျေးရွာများသို့ ယိုစိမ့်စီးသွားကြကြောင်း ဒုတိယဗိုလ်မှူးကြီးယာဆင်အယ်လ်ဂျာဘာနီက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ နံနက်ကလည်း အဆိုပါပိုက်လိုင်းကို တိုက်ခိုက်ခြင်းခံခဲ့ရသေးသည်ဟုဆိုသည်။ အဖျက်သမားများသည် ယင်းပိုက်လိုင်းများမှ ရေနံများကို မှောင်ခိုထုတ်ရန်အတွက် ၎င်းတို့၏ရေနံတင်ကားများထဲသို့ ရေနံများကို ဖြည့်တင်းယူငင်သွားခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက်များပြည့်မီကျော်လွန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် မှာကြား

ရန်ကုန် ဇွန် ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၇ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးကို ဇွန် ၈ရက်တွင် ဆက်လက်ကျင်းပပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

စီမံကိန်းတာဝန်များပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲ ၂နာရီတွင် တိုင်းမှူးသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ် ဆန်ကုန်သည်ကြီးများအား တွေ့ဆုံ၍ ဒေသတွင်းကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန်၇ရက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေနှင့် အဖွဲ့ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးသို့ လူနာထိုင်ဘီးတပ်ကုလားထိုင် နှစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဖေဝင်းက လက်ခံယူစဉ်။ (မြို့နယ်ပြန်/ဆက်)

တရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

သာကေတမြို့နယ် ၉ ရပ်ကွက် နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ဇွန် ၂၂ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည့် ၁၀ရက် တရားစခန်းပွဲကို ဇူလိုင် ၉ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ တတိယအကြိမ်မြောက် တရားစခန်းပွဲအဖြစ်ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် အရှင်ပုညာနန္ဒာက ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး မြတ်တရားတို့ကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသောယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်ဟိန်းဇီဝိတဒါန

ရန်ကုန် ဇွန် ၁၃

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်သော ကုသိုလ်ဖြစ်ဆေးခန်း၏ ဇီဝိတဒါနအလှူတော်အဖြစ် လှူဒါန်းလျက်ရှိကြရာ သာကေတ (၁၀)ရပ်ကွက်ဈေး (ကျော်ဆန်းလင်းရွှေဆိုင်) ဒေါ်သူဇာယု၏နှစ်(၃၀)မြောက်မွေးနေ့ဒါနအလှူငွေ ကျပ် ငါးသောင်းကိုလည်းကောင်း၊ လသာမြို့နယ် ၂၄လမ်း အမှတ် ၂၆နေ မနီနီမြင့်က ငွေကျပ်နှစ်သောင်းငါးထောင် တန်ဖိုးရှိ ဆေးမျိုးစုံနှင့် ဒုတိယအကြိမ်မြောက်အလှူတော်ငွေကျပ် သုံးသောင်းကို လည်းကောင်း ရွှေပြည်ဟိန်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ **(က-ပ)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၂) ထွက်ပါပြီ

ရန်ကုန် ဇွန် ၁၃

ကျန်းမာခြင်းသည် လူတိုင်းတောင့်တသော ပြည့်စုံအပ်သည့်အရာဖြစ်သည်။ ကျန်းမာခြင်း၌ ကိုယ်၏ ကျန်းမာခြင်းနှင့် စိတ်၏ ကျန်းမာခြင်းဟူ၍ရှိရာ စိတ်ပျော်ရွှင်ချမ်းမြေ့မှ နုပျိုလန်းဆန်းနိုင်မည်။ ကျေးလက်ဒေသနေ ပြည်သူများ ကျန်းမာပျော်ရွှင် လန်းဆန်းရေးအတွက် အသိပညာ၊ ဗဟုသုတများ ပေးနိုင်ရန် ဒို့ကျေးရွာဂျာနယ်က အားထုတ် ကြိုးပမ်းလျက်ရှိသည်။ ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ကျေးဇူးရှင် လယ်သမား၊ မြန်မာပြည်အရှေ့ဖျားမှ ကျေးလက်ပွဲတော်မြင်ကွင်း၊ မိုးကြိုနှမ်းအထွက်နှုန်းမြင့်ရန်၊ ရွှေ့ပြောင်းတောင်ယာမှ ကုန်းမြင့်လယ်ယာသို့၊ ဆေးဖက်လည်းဝင် ကင်ပွန်းချဉ်၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပြန်ကြားလွှာ၊ လွယ်လွယ်ကူကူ ငါးဘဲဖြူ မွေးမြူကြမယ်၊ တောင်သူလယ်သမားတို့အတွက် လယ်ယာလက်တွန်းထွန်စက်၊ ငှက်သတ္တဝါနှင့် စိတ်ဝင်စားဖွယ် ထူးခြားသော ဓလေ့စရိုက်များ စသည့်ဆောင်းပါးများအပြင် ကာတွန်း၊ ပုံပြင်၊ ဟာသ၊ ကဗျာ၊ ကျန်းမာရေးဟာသ စသည့်ကဏ္ဍများကို ဖတ်ချင်စဖွယ် ဝေဝေဆာဆာဖြင့် ထည့်သွင်းဖော်ပြထားသည်။ **(အပေါ်ပုံ)**

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀/၃၂ ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇွန် ၁၃

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။ ဇွန် ၁၄ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် နယုန်လဆန်း ၈ ရက် (ဥပုသ်နေ့)
၁၄-၆-၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
၁၇:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်း **"မျောက်မင်းဂူခုန်း"** အပိုင်း(၁၀၂)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ တေးဂီတအစီအစဉ်
၁၉:၂၀ ၁၃။ ၂၀၀၅ ခုနှစ် တေရှသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၊ အတီးပညာဘာသာရပ် သင်တန်းပို့ချချက်
၁၉:၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** အပိုင်း(၂၆)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မရမ်းကုန်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၁၃

မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဝန်ထမ်းများအား ဝတ်စုံနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန်၁၀ရက် မွန်းလွဲပိုင်းက မြို့နယ်ရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးမာက ဝန်ထမ်းများအား ပညာသင်ထောက်ပံ့ငွေကျပ် ၁၅၃၅၀၀ကို ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးမြင့်ဦးအား ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၄၂၁)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၅

International Day Against Drug Abuse and Illicit Trafficking
26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု
Value yourself--- make healthy choices

14-6 (06) 1 3/24/05, 12:59 PM

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကော်ဖီစိုက်ခင်းကြည့်ရှုစစ်ဆေး နွေစပါးရိတ်သိမ်းချိန် အလေအလွင့်မရှိရေး ဖြည့်ဆည်းပေး

ရန်ကုန် ဇွန် ၁၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၈ ရက် နံနက် ၅ နာရီက မူဆယ်မြို့ နမ့်ပန်ကျေးရွာအနီးရှိ အမြဲကောင်းစိုက်ပျိုးရေးခြံသို့ရောက်ရှိရာ စိုက်ပျိုးရေးခြံခန်းမ၌ ခြံတာဝန်ခံ ဦးအောင်မြင့်က စိုက်ပျိုးဧက ၂၀၀ အတွင်း မက္ကဒေးမီးယား၊ လိုက်ချီးနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက စိုက်ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် နမ့်ပန် ကျေးရွာရှိ ကတ်တီမိုးကော်ဖီဧက ၃၀ စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းအတွင်း အရိပ်မဲ့ကတ်တီမိုးကော်ဖီ အပင် ၄၀၀၀၀၊ လိုက်ချီးပင် ၇၀၀ နှင့် လုံကန်ပင် ၈၀၀ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖိုင်ကျောင်းကျေးရွာအုပ်စု အထူးအထွက်တိုး ဆင်းရွှေလီနွေစပါး အဆင့်မြင့်စံပြ ၁၀ ဧက စိုက်ခင်းသို့လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းဝန်ထမ်းများမှ ဖိုင်ကျောင်းကျေးရွာအုပ်စု၌ စိုက်ပျိုးထားသည့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ် ၁၅ ဧက စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများအား ရိတ်သိမ်းချိန် အလေအလွင့်မရှိစေရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် လာရောက်သွေးလှူဒါန်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Ms. Vicky Bowman အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၃

ဗုဒ္ဓပူဇနီယဆီမီး ၉၉၀၀ အဖွဲ့က ကြီးမှူး၍ ဇူလိုင်လတွင်ကျင်းပမည့် အဌမအကြိမ် အဖွဲ့သြဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲတွင် ကျပ် ၄၅၀၀၀တန်ဖိုးရှိ သင်္ကန်း ၂၅စုံ ကပ်လှူ၍ ဧည့်ပရိသတ်များ ဧည့်ခံကျွေးမွေးရန်အတွက် ငွေကျပ် ၆၃၀၀၀ စုစုပေါင်း အလှူငွေကျပ် ၁၀၈၀၀၀ကို အဒေါ် ဒေါ်ညိုနှင့် အစ်မကြီး ဒေါ်မြမြဝင်းတို့အား အမှူးထားပြီး အင်းစိန်မြို့ ဈေးကြီးရှေ့ရှိ ဦးအောင်ဝင်း–ဒေါ်ခင်ပြုံးဝင်းကုန်စုံဆိုင် မိသားစုမှ ဇွန် ၅ရက်က ပေးအပ်လှူဒါန်းရာ အဖွဲ့နာယကများဖြစ်ကြသည့် ဦးယဉ်ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)၊ ဦးခင်မောင်စိုး၊ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ၊တောင်တွင်းကြီး)၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဦးနှင့် အမှုဆောင်များက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ဝါဆိုသင်္ကန်းတစ်စုံကျပ် ၁၈၀၀ဖြင့် လှူဒါန်းလိုသူများသည် ဦးသန်းထိုက်စိုး ဒု–ဈေးတာဝန်ခံ အင်းစိန်ဈေးကြီး၊ ဒေါ်စုစုစံ ဖူဂျီဓာတ်ပုံဆိုင် အမှတ်၁၆၇/၁၆၈ အနော်ရထာလမ်းနှင့် ၃၄လမ်းထောင့် ဖုန်း–၇၀၀၁၃၆၊ ဦးခင်မောင်ကြည်(ဓာတ်ပုံ) ကညန (အင်းစိန်)၊ ဒေါ်အေးအေးသိန်း (ငွေစာရင်း)ကညန (အင်းစိန်)၊ ဆီမီး ၉၉၀၀အဖွဲ့ရုံး၊ စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း–၆၄၀၄၈၇၊ ၆၄၀၄၈၉နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၄၆)**

ရွှေဂူတောရရိပ်သာသို့ အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်၅ မေဓလမ်း၌ တည်ထောင်ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူ တောရရိပ်သာသို့ ဦးအုန်းမောင်–ဒေါ်ချစ်မေ (ရွှေတောင်)မြို့က ကျပ်တစ်သိန်း၊ ဦးစိုးကျင်–ဒေါ်ခင်ဌေး(ရွှေတောင်မြို့)က ကျပ်ငါးသောင်း၊ ဦးဇော်မင်း(တိုင်းရင်းဆေး)ကကျပ်ငါးသောင်း၊ သမီးကြီး သန္တာခင်(စီးပွားရေးတက္ကသိုလ်)အား ရည်စူး၍ ဦးသာခု– ဒေါ်ခင်ဆင့်က ကျပ်ငါးသောင်း၊ ဦးဗကျူးအား ရည်စူး၍ ဒေါ်သန်းမေက ကျပ်သုံးသောင်း၊ ဦးထွန်းလှိုင်–ဒေါ်ငြိမ်းအေး (မွေးနေ့အလှူ)က ကျပ်နှစ်သောင်း၊ ဦးဝင်းဗိုလ်–ဒေါ်တင်တင်နွယ် (ဒေါ်တမ) ကျပ်နှစ်သောင်း၊ ဦးမောင်အေး–ဒေါ်လှိုင် (လောဓမ္မ) ကျပ်နှစ်သောင်း၊ ဦးလှဖေ–ဒေါ်ရွှေတင် (ဒုတိယဥက္ကဋ္ဌ) မင်းစုက ကျပ်နှစ်သောင်း၊ ဦးမြချစ် (ဒုတိယဥက္ကဋ္ဌ)–ဒေါ်စန်းမြင့် (ရွှေတောင်) က ကျပ်နှစ်သောင်းတို့ အသီးသီး လှူဒါန်းကြသည်။ လှူဒါန်းလိုပါက ဖုန်း–၆၃၆၁၃၄၊ ၀၉–၅၀၀၄၅၅၂ နှင့် ၃၈၂၇၅၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

● ကျောဖုံးမှ

ရှေးဦးစွာ ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပရန် သတ်မှတ်ကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့တက်ရောက်ရန်ရတနာကုန်သည်များအားဖိတ်ကြားထားမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားများအားတက်ရောက်ခွင့်ပြုမည့်အစီအစဉ်နှင့်ငွေပေးချေရေးကိစ္စ အခြေအနေများကိုလည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက် စီမံရေးရာ၊ ပြန်ကြားရေးနှင့် လုံခြုံရေးဆပ်ကော်မတီများကဆပ်ကော်မတီများအလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်းတင်ပြကြရာ အထူးရောင်းချပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဗဟိုကော်မတီဝင်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အောင်မြင်ချောမောစွာ ကျင်းပရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ဗြိတိန်နိုင်ငံသံအမတ်ကြီးသွေးလှူဒါန်းမှုကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၃

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ သွားရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Ms. Vicky Bowman ကိုယ်တိုင် လာရောက်သွေးလှူဒါန်းမှုကို ကြိုဆိုအားပေးသည်။

ကြည့်ရှုအားပေး

ဝန်ကြီးသည် ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား Apheresis Machine Section အခန်း၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်သည် သွေးလာရောက်လှူဒါန်းသည့် ဗြိတိန်နိုင်ငံသံအမတ်ကြီး၏ သွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစားထိုးမရ ဂုဏ်ပြုကြ

✻ ဘေးအန္တရာယ် တစ်သွယ်ရောဂါ
ကြုံတွေ့လာစဉ် သွေးသာကေန်
လိုလာပြန်သော် မုန်ကန်သေချာ
ရရှိပါမှ တစ်ဖြာအသက်
ရှည်ကြာဆက်၍ မပျက်ရှင်သန်ခွင့်ရသည်။

✻ လိုအပ်သွေးမှာ မရပါသော်
သပြာငွေကြေး ပုံအောပေးကာ
ဆေးကုပါလင့် အနာနှင့်ဆေး
သင့်ရေးမှန်စွာ မရှိပါ၍
ရောဂါပျောက်ရေး ကျန်းမာရေးမှာမလွယ်ပါ။

✻ ထို့ကြောင့်တစ်လီ ဆိုရိုးတည်သား
‘သွေးသည်အသက် အသက်သည်သွေး’
မနေးခိုင်မာ ယုံကြည်ပါလျက်
ဌွန်ခါဆယ့်လေး အရေးတယူ
သွေးလှူရှင်နေ့ မမေ့မှန်စွာဂုဏ်ပြုရာ။ ။

၂၀၀၅ ခုနှစ် ဇွန် ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုလျက်–

ဒေါက်တာသန်းဦး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၆–၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 ၏အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	Sunday Talk
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	Star Album
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅	ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ
၉း၁၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	မိုးလေဝသခန့်မှန်းချက်
၉း၃၅	ပုစွန်ခြောက်စက်ရုံ–အင်းလေးမြိုင်စက်မှုဇုန် (မြိတ်မြို့)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	မြန်မာစာ မြန်မာစကား
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	သူ့ဘဝသူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ ရေဆေးပန်းချီ)
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	နာတာရှည်အတက်ရောဂါ (သို့) ဝက်ရူးပြန်ရောဂါ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	တီလာပီးယားငါးမွေးပွဲတော်
၁၁း၀၀	MRTV-4 ၏အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဇွန် ၁၁ ရက်က လှိုင်မြို့နယ် MICT Park ၌ ပြုလုပ်သည့် Typing နှင့် Design ပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းညွှန့်က သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ရှာရန်ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၃–၆–၂၀၀၅

ပူတာအို	၂ ဒသမ ၂၈ လက်မ
ဇလွန်	၁ ဒသမ ၈၂ လက်မ
ဘားအံ	၁ ဒသမ ၆၈ လက်မ
ထားဝယ်	၁ ဒသမ ၅၀ လက်မ
တောင်ကြီး	၁ ဒသမ ၃၈ လက်မ
ဖျာပုံ	၁ ဒသမ ၃၀ လက်မ
တောင်ငူ	၁ ဒသမ ၁၉ လက်မ
ပုသိမ်	၁ ဒသမ ၁၁ လက်မ

● ရှေ့ဖုံးမှ

အစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်သုံးသပ်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းအနေဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍစသည့် ကဏ္ဍ ၁၄ ခုအလိုက် နိုင်ငံတော်၏ စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေအပေါ် ပြန်လည်သုံးသပ်၍ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ရည်မှန်းချက် အောင်မြင်ကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းစီမံကိန်းဦးစီးဌာန တိုင်းစီမံကိန်းဦးစီးမှူး ဒေါ်လှကြည်က ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးနှင့် ပတ်သက်၍ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်ခဲ့မှု အခြေအနေနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းအဆိုပြုချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ၏ အရည်အချင်းလက္ခဏာများ၊ စပါးအထွက်နှုန်း မိတ်ဖက်အချက်များကို ကြိုတင်တွက်ချက်၍ ပန်းတိုင်အထွက်နှုန်း ရရှိအောင် စီမံဆောင်ရွက်ရမည့် နည်းပညာများ၊ ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာ ရောစပ်သုံးစွဲရေးနည်းလမ်းအရ ယူရီးယားတစ်အိတ်နှင့် မြေဆွေးသုံးအိတ် ရောစပ်သုံးစွဲရန် စီမံဆောင်ရွက်ရမည့် အခြေအနေများ၊ နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ဆေးဖက်ဝင်အမယ်သစ် ပြည်တွင်းသစ်ခွများ စိုက်ပျိုးနိုင်သည့် နည်းပညာများနှင့် ရေရရှိမှုအလိုက် စိုက်ပျိုးနိုင်သည့် သီးနှံများကို ပရိဂျက်တာဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများလျော့နည်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

တာဝန်ပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း၏ ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းတာဝန်နှင့် မိုးရာသီ မိုးစပါးစိုက်ပျိုးရေးတာဝန်ပေးအပ်လွှာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌလေးဦးအား ပေးအပ်သည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ဆက်လက်၍ ဝန်ကြီးသည် စပယ်တောင်နှင့် စပယ်တောင် တောင်ဘက်လုပ်ကွက်တွင် သတ္တုရိုင်းများ တူးဖော်ထုတ်လုပ်နေမှုနှင့် သတ္တုရိုင်းများစုပုံနေမှုကို ကြည့်ရှုစစ်ဆေး၍ သတ္တုရိုင်းတိုးချဲ့ရှာဖွေမှု၊ အရည်အသွေးမီသတ္တုများ ရည်မှန်းချက် ပြည့်မီအောင် တူးဖော်ပို့ဆောင်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရေး မှာကြားကာ Take House၌ ကတ်သုတ်ကော့ပါးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လုပ်သားဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ထမ်းများ၏ တစ်ပိုင်တစ်နိုင် ငါးမွေးကန်၊ နှစ်ရှည်သီးပင်စားပင်နှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စုပေါင်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့်အညီ ဝန်ထမ်းများသည် စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းတိုင်း၌ ခြိုးခြံချွေတာစိစစ်၍ ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရိပ်သာ၌ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် တွေ့ဆုံ၍ စစ်ကိုင်းတိုင်းအတွင်း သတ္တုကဏ္ဍ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သည်။ မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကုန်းတွင်းဆား စနစ်တကျထုတ်လုပ်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ဝန်ကြီးသည် ညနေပိုင်းတွင် အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်း လိုက်ပါလျက် ပြင်ဦးလွင်မြို့နယ်ရှိ ကျားတွင်းရေသံသတ္တုမိုင်းသို့ ရောက်ရှိပြီး မိုင်းအတွင်း သံသတ္တုရိုင်းများ တူးဖော်နေမှုနှင့် ဆန်ခါချစက်ဖြင့် သန့်စင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီးနောက် ရှင်းလင်းဆောင်၌ မိုင်းတာဝန်ခံမှ မိုင်းဒီဇိုင်းဖြင့် တူးဖော်နေမှု၊ လစဉ်ထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သံစက်ရုံအတွက် အရည်အသွေးမီ သံသတ္တုရိုင်းများ အချိန်မီတူးဖော်ပို့ဆောင်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိထိရောက်ရောက် စနစ်တကျဆောင်ရွက်ပေးရေး မှာကြားသည်။

ပေးအပ်ချီးမြှင့်

ဝန်ကြီးသည် ဇွန် ၁၂ရက်တွင် အမှတ်(၁) သံနှင့်သံမဏိစက်ရုံ၌ သတ္တုရိုင်းများကြိတ်ခွဲကျိုချက်၍သံမဏိထုတ်လုပ်ရေး Qxygen Plant တည်ဆောက်နေမှု၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ပြည်ပသွင်းကုန်အစားထိုး ကုန်ကြမ်းပစ္စည်းသွန်းလောင်းထုတ်လုပ်နေမှု အခြေအနေများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ထုတ်လုပ်မှုတိုးတက်၍ ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး၊ ခြိုးခြံချွေတာရေး၊ သွင်းကုန်အစားထိုး သံထည်ပစ္စည်းများ တီထွင်ဆောင်ရွက်ရေး၊ သက်သာချောင်ချိမှုအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ယခုထက်ပိုမိုတိုးချဲ့ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။ ထို့နောက် စက်ရုံရှိ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ခဲ့သည်။ မွန်းလွဲပိုင်းတွင် ပုသိမ်ကြီး ထုံးကျောက်မိုင်းသို့ရောက်ရှိပြီး ထုံးကျောက်များတူးဖော်ထုတ်လုပ်နေမှုနှင့် စက်ရုံဝန်ထမ်းများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမျိုးသားစာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ အမျိုးသားစာကြည့်တိုက်အသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး ဝန်ကြီးက အမျိုးသားစာကြည့်တိုက်အသစ်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ e-Government လုပ်ငန်း၊ e-Library လုပ်ငန်း၊ မျက်နှာစာတွင် မြေယာပြုပြင်ရေးလုပ်ငန်း၊ ခြံဝင်းအတွင်း ကားပတ်လမ်းနှင့် ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်နှင့်သောက်ရေသန့်လုပ်ငန်း၊ ဓာတ်လှေကား တပ်ဆင်မှုလုပ်ငန်း၊ ကားရပ်နားမည့်နေရာ သတ်မှတ်ခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ မီးဘေးအန္တရာယ် မကျရောက်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းရပ်များကို ဂရုပြုဆောင်ရွက်သွားကြရန် အကျယ်တဝင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံကော်ကျွန်းရိပ်သာကျောင်းဆရာတော်ပူဇော်ပွဲ

ရန်ကုန် ဇွန် ၁၃

လှည်းကူးမြို့နယ် ကံကော်ကျွန်းရိပ်သာကျောင်း၌ အစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကဝိန္ဒ(ရဝေစိုး)အား ပဓာနနာယကကျောင်းထိုင်ဆရာတော်အဖြစ် တင်မြှောက်ပူဇော်ပွဲကို ဇွန် ၉ ရက်က လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦးဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊ ရန်ကုန်မြို့ ဆုထူးပန်ဆရာတော်၊ မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဦးလှသိန်း ကျော်နှင့်ကျောင်း ဒါယကာဒါယိကာမများတက်ရောက် ကြည်ညိုကြသည်။ ကံကော်ကျွန်း သာသနာ့ရိပ်သာတွင် မူလဓမ္မာရုံ ဒါယကာဆာဦးသွင်-ဒေါ်ဒေါ်သိန်း မိသားစုတို့က ဆောက်လုပ်လှူဒါန်းခဲ့ကြသောမြေနေရာတွင် ယခုအခါ အလျားပေ ၁၀၀၊ အနံပေ ၅၀ နှစ်ထပ်ဓမ္မာရုံကြီးကို ဆောက်လုပ်မည်ဖြစ်ရာ ၁၀ ပေ တစ်ခန်းလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ဖုန်း ၀၁-၅၄၂၇၇၁၊ ၀၁-၆၂၉၄၇၀ တို့သို့ သဒ္ဓါတရားအလျောက် ဆက်သွယ်လှူဒါန်း နိုင်သည်။ ယခုနှစ် ဝါတွင်းကာလမှစ၍ သတိပဋ္ဌာန်တရားစခန်းနှင့်တရားပွဲများကိုလည်း ဖွင့်လှစ်မည်ဟု သိရသည်။ **(က-ပ)**

ဇွန် ၄ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၁)ရပ်ကွက် အမြင်သစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆောက်အအုံတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်စိုး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှရွှေနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ
ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇွန်လ ၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၅၃၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့
လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရွှေဘိုဘဏ်ခွဲအဆောက်အအုံသစ်ဖွင့်ပွဲတက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန်၁၁ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မြို့နယ်အကောက်ခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ လုပ်ငန်းဌာန၊ ဦးစီးဌာနများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ထိရောက်ထက်မြက်သည့် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများဖြင့် နိုင်ငံတော်၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ ဌာနရည်မှန်းချက်တာဝန်များ ပြည့်မီရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကို ပြေပြစ်ပျူငှာစွာဖြင့် အသိပညာပေးစည်းရုံးဆောင်ရွက်ရေး၊ ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်း ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်းကြရေး မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၁ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဦးစီးမှူးများ၊ မန်နေဂျာများ၊ တာဝန်ခံအရာရှိများကို တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၂ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ပြည်ရွှေဘိုဧည့်ရိပ်သာတွင် စစ်ကိုင်းတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ လုပ်ငန်းဌာန ဦးစီးဌာနများမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် တာဝန်ခံအရာရှိများနှင့် တွေ့ဆုံပြီး ဝန်ကြီးက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းသုံးသပ်ချက်နှင့်တကွ လိုအပ်သည်များကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းကြရန် လိုအပ်သည့် အခြေအနေများကိုလည်းကောင်း မှာကြားသည်။

အားပေးချီးမြှင့်

ဝန်ကြီးသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ရွှေဘိုဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အမှတ်(၆)ရပ်ကွက် ဦးအောင်ဇေယျလမ်း သခွပ်တောရပ် ရွှေဘိုမြို့၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြတ်မော်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက မြန်မာ့စီးပွားရေးဘဏ် ရွှေဘိုခရိုင် ဘဏ်ခွဲအဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်း **(အောက်ပုံ)**က အမှာစကားပြောကြားရာတွင် မြန်မာ့စီးပွားရေးဘဏ်သည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အရေးပါသည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေသော ဌာနတစ်ခုဖြစ်သဖြင့် ဘဏ်ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်များ၏အရေးပါမှုကို သိရှိနားလည်တန်ဖိုးထားကြပြီး ပြည်သူ့အတွက်၊ နိုင်ငံတော်အတွက် စွမ်းအားပြည့် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသွားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ယနေ့နံနက်၁၁နာရီတွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ရောက်ရှိစစ်ဆေး၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနလုပ်ငန်းများမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းလျာထားချက်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းရည်မှန်းချက်များ ပြည့်မီအောင်မြင်စေရေးဆောင်ရွက်ရာတွင် ဆက်ဆံရေးချိုသာပြေပြစ်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ယနေ့မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(၂)ရှိ ဘဏ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်လုပ်ငန်းသင်တန်းကျောင်းတွင် ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘက်စုံပြုပြင်မှု လုပ်ငန်းများအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်းအပြင် ဘက်စုံပြုပြင် တည်ဆောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး တင်အောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၁၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၁၂ရက်က ကွယ်လွန်သူမိဘနှစ်ဦးအားရည်စူး၍ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဆရာမကြီးဒေါ်ရွှေပုနှင့် ဒေါ်ကြူကြူဝင်းတို့က ကျောင်းပြုပြင်ရန်အတွက် မင်္ဂလာသုခ စာသင်တိုက် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏမဥ္ဇူထံ အလှူတော်ငွေ ကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၅)

လက်ပံတန်းမြို့နယ်အသင်း ပညာရည်ထူးချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

လက်ပံတန်းမြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ ပညာရည်ထူးချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင်၃ရက် နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စား/ဖျော်မွှာရုံတွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၄ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ၊ အသက် ၇၅နှစ်အထက် ရန်ကုန်ရောက် လက်ပံတန်းမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်းစစ်ဌာနချုပ် မူလတန်းကြိုဆရာမသင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မူလတန်းကြိုဆရာမသင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မိခင်နှင့်ကလေးတို့၏ ပညာရည်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကလေးငယ်များအတွက် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိသည့် အခြေအနေနှင့် သင်တန်းဖွင့်လှစ် သင်ကြားရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုဆရာမ သင်တန်းအမှတ်စဉ်(၁/၂၀၀၅)ကို ယနေ့မှ ဇွန် ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း တပ်ဖွဲ့များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၃၈ ဦး တက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၁၃

ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်အမ်ဘီအေ)အသင်း ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးကို ဇွန်၂၆ရက် (နယုန်လပြည့်ကျော်၅ရက်) တနင်္ဂနွေနေ့ နံနက်၉နာရီတွင် ဝိုင်အမ်ဘီအေ အသင်း အပေါ်ထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပါ တစ်ပါတည်း ယူဆောင်လာကြရန် အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(၃၅၂)**

ဂုန်လျှော်/ ချည်ပေါင်လျှော်ပင်များ အထွက်တိုးစေရေးနှိုးဆော်ချက်

ယခုအခါ မိုးကြို ဂုန်လျှော်/ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး ဂုန်လျှော်/ချည်ပေါင်လျှော်များ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အတန်းစိုက် ဂုန်လျှော်/ချည်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် သုံးလက်မခြားခွာ၍ ပင်ကျပ်နုတ်ပေးပါ။ ကြဲပက် စိုက်ခင်းများတွင် ခြောက်လက်မပတ်လည် တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့်မှုန်းပေးပါ။

၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို ၁၅-၂၀ ရက်သားတွင် တစ်ကြိမ်နှင့် ၃၀-၃၅ ရက်သားတွင် တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ်ခွဲ၍ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေဩဇာကို တစ်ဧကလျှင် အိတ်နှုန်းဖြင့် နှစ်ကြိမ်ကြဲပက်ပေးပါ။

၃။ အပင်ငယ်စဉ် ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်း ရေဝပ်နေပါက ပတ်မြောင်း၊ စိပ်မြောင်းများဖြင့် ရေ ဖောက်ထုတ်နိုင်ရေး ဆောင်ရွက်ပါ။

၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ်ကျရောက်နိုင်ပြီး အဓိကကျရောက်ဖျက်ဆီးသော ပိုးမှာ မွှားပင့်ကူနီ၊ ခါးတွန့် ပေါက်ဖတ်၊ ရွက်စားခူမွေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ ဖြစ်သည်။ ဂုန်လျှော်/ချည်ပေါင်လျှော်ခင်းများအား ပုံမှန် စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။

၅။ ဂုန်လျှော်ပင်စည်မှဲ့စွန်းရောဂါနှင့် မြစ်ပုပ်ရောဂါများတွေ့ရှိက အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၆။ ချည်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊ အဖြူရောင် ရောင်မညီကွက်ကြား (mosaic) ရောဂါတွေ့ရှိလျှင် အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာမြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မူလတန်းကြို ဆရာမသင်တန်း အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

စေတနာဖြူစင် သွေးလှူရှင်

နှစ်စဉ် သန်းပေါင်းများစွာသော အသက်များအား သွေးသွင်းကုသခြင်းအားဖြင့် ကယ်ဆယ်လျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သွေးနှင့်သွေးပစ္စည်းများ လုံလောက်စွာ မရှိသောကြောင့် သေဆုံးမှုများ ရှိနေဆဲဖြစ်သည်။ ၎င်းဖြစ်ရပ်များသည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ထိခိုက်ဒဏ်ရာရသူများ၊ ဆင်းရဲနွမ်းပါးသူများကို ပိုမို အန္တရာယ်ဖြစ်စေသည်။ အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် ဆက်စပ်နေသော ဖြစ်ရပ်များမှ နောက်ဆက်တွဲ ဆိုးကျိုးများသည် သွေးလိုအပ်မှုကြောင့် အသက်ဆုံးရှုံးမှုများကို ဖြစ်စေသည်။ ကလေးသူငယ်များတွင် အာဟာရချို့တဲ့ခြင်း၊ သွေးလွန်တုပ်ကွေးကဲ့သို့ အရေးပေါ်လိုအပ်မှုများ၊ ငှက်ဖျားရောဂါ၊ အသက်အန္တရာယ်ထိခိုက်စေနိုင်သည့် သွေးအားနည်းရောဂါများ စသည်တို့သည် အဓိကအကြောင်းရင်းများဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၉၉၈-၉၉အစီရင်ခံစာအရ နှစ်စဉ် ၁၅၀၀၀၀ ခန့်အထိ ကိုယ်ဝန်ဆောင်မှုနှင့် ပတ်သက်နေသော သေဆုံးမှုများကို လုံလောက်သောသွေး အချိန်မီရရှိနိုင်မှုဖြင့် ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၁၉၈၀ပြည့်နှစ်များတွင်စတင်ပေါ်ပေါက်ခဲ့သောသွေးမှတစ်ဆင့် HIV ကူးစက်ခံရမှုကြောင့် သွေးသွင်းကုသမှုသည် လုံလောက်စွာ အချိန်မီ ရရှိနိုင်ရုံသာမဟုတ်ဘဲ အန္တရာယ်ကင်းရန်ပါ အထူးလိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ များစွာသောနိုင်ငံများတွင် သွေးကိုလုံလောက်စွာ ရရှိနိုင်ပါသော်လည်း သွေးမှတစ်ဆင့် ကူးစက်နိုင်သောရောဂါပိုးများ၏ အန္တရာယ်မှ လုံးဝကာကွယ်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရသည်။

သွေးကို ၎င်းကဲ့သို့ အသက်ကယ်နိုင်သည့် ကုသမှုအဖြစ် အသုံးမပြုမီ နှစ်ပေါင်းများစွာကပင် လူကိုယ်ခန္ဓာအတွင်းရှိ အနီရောင်အရည်နှင့်ပတ်သက်၍ လူအများစိတ်ဝင်စားပြီး စမ်းသပ်မှုပေါင်း၊ ယူဆမှုပေါင်းများစွာ ပေါ်ပေါက်ခဲ့သည်။

အန္တရာယ်ကင်းသော သွေးသွင်းကုသမှု၏ အဓိကစွမ်းဆောင်ရှင်များမှာ အန္တရာယ်ကင်းအောင် ပြုမူနေထိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်၍ မိမိကိုယ်ကို တာဝန်ယူရဲသော စေတနာသွေးလှူရှင်များသာဖြစ်။

သွေးသွင်းခြင်းဖြင့် လတ်တလောဖြစ်ပေါ်နိုင်သော ဆိုးကျိုးများမှာ-

- အရေးကြီးသော သွေးအုပ်စုမတူ၍ ကုသမှုအတွက် အသုံးပြုလိုက်သော သွေးဆဲလ်များ ချက်ချင်းပျက်စီးပြီး လူနာ အသက်ဆုံးရှုံးနိုင်ခြင်း၊
- Rh, Kell, Kcidd, Duffy ကဲ့သို့သော အချို့ သွေးအုပ်စုများမှာ နောင်သီတင်းနှစ်ပတ်အတွင်း လူနာကိုယ်တွင်းမှ သွေးဆဲလ်များကို ပျက်စီးစေခြင်း၊
- သွေးအတွင်းရှိ အချို့ပဋိဇီဝပစ္စည်းများကြောင့် ယားယံခြင်း၊ အဖုအပိမ့် ထွက်ခြင်းများဖြစ်ရခြင်း၊ သွေးအတွင်းရှိ အချို့ဆဲလ်များ (အထူးသဖြင့် သွေးဖြူဥများ)ကြောင့် လူနာတွင် ကိုယ်အပူချိန်တက်ခြင်းတို့မှာ အဖြစ်များသော ဆိုးကျိုးများဖြစ်သည်။

၎င်းတို့အနက် ချက်ချင်းအသက်ဆုံးရှုံးမှုကို ဖြစ်စေနိုင်သော အေ၊ဘီ၊အို အုပ်စု မတည့်မှုကို လူနာနှင့်သွင်းမည့် သွေး၏ အေ၊ဘီ၊အို အုပ်စုကို စစ်ဆေးပြီး သွေးမသွင်းမီ သွင်းမည့်သွေးနှင့် လက်ခံမည့် လူနာသွေးအုပ်စုတို့ တည့်မတည့်စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် လုံးဝကာကွယ်နိုင်သည်။ ၎င်းကဲ့သို့ စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် ပညာရှင်များက ၁၉၀၁ခုနှစ်မှစ၍ ဖော်ထုတ်နိုင်ခဲ့ပြီး ၁၉၃၅ခုနှစ်တွင်မှ သွေးတည့် မတည့် ခန္ဓာကိုယ်ပြင်ပတွင် စမ်းသပ်မှုများကို လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ ၎င်းနှစ်များ မတိုင်မီက ၁၈၈၁ခုနှစ်တွင် အင်္ဂလိပ်သားဖွားမီးယပ်ပါရဂူ James Blundell က ပထမဆုံးသော လူတစ်ဦးမှ လူတစ်ဦးသို့ အောင်မြင်စွာ သွေးသွင်းနိုင်မှု တစ်ခုမှလွဲ၍ ကျန်စမ်းသပ်မှုများစွာတွင် လူနာများ အသက်ဆုံးရှုံးခဲ့ရသည်။

ဒေါက်တာသီတာအောင်

၁၉၃၉ခုနှစ်တွင် အေ၊ဘီ၊အို အုပ်စုတူပါလျက်နှင့် သေဆုံးခဲ့ရသော သွေးသွင်းမှုတစ်ခု Rh ပါသော သွေးအုပ်စု၏ အရေးပါပုံကို ပညာရှင်များ ထပ်မံဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းအုပ်စုမှာ ချက်ချင်း အသက်သေဆုံးမှုကို မဖြစ်စေသော်လည်း အမျိုးသမီးများတွင် ၎င်းRh အုပ်စု မတူသူ၏ သွေးသွင်းကုသမှုခံရပါက မွေးဖွားသည့်ကလေးတွင် အသက်အန္တရာယ် ဖြစ်စေသည်။ ၎င်းသွေးအုပ်စုများသည် ကမ္ဘာပေါ်ရှိ လူမျိုးစုများအကြား ကွဲလွဲမှုရှိနေသည်။ Rh အုပ်စုမှာ မြန်မာတိုင်းရင်းသားများတွင် Positive မှာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး Negative မှာ ၀ဒသမ ၅ ရာခိုင်နှုန်း ခန့်သာ ရှိသည်။ အနောက်ဥရောပနိုင်ငံများတွင်မူ Rh Negative မှာ ၁၅ရာခိုင်နှုန်းခန့်ရှိသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားများ Rh Negative လူနာတစ်ယောက် အရေးပေါ်သွေးလိုပါက ၎င်းအတွက်သွေးရနိုင်မှုမှာ အလွန်ခက်ခဲကြောင်း ကြုံတွေ့နေရသည်။ ယခုအခါ အမျိုးသားသွေးဌာနမှ ၂၀၀၅ခုနှစ် ဇန်နဝါရီလမှစ၍ သွေးလှူရှင်များအားလုံး၏ Rh အခြေအနေ စမ်းသပ်မှု ပြုလုပ်ပေးခြင်းဖြင့် Rh Negative သွေးလှူရှင်စာရင်းကို စတင်ပြုစုနေပြီ ဖြစ်သည်။

သွေးသွင်းမှုဖြင့် ချက်ချင်းအသက်ဆုံးရှုံးနိုင်မှုနှင့် နောက်ဆက်တွဲဆိုးကျိုးဖြစ်ပွားမှုများကို အေ၊ဘီ၊အို အုပ်စုနှင့် Rh အုပ်စုကို စစ်ဆေးခြင်း၊ တည့် မတည့်စမ်းသပ်ခြင်းများ ပြုလုပ်ခြင်းဖြင့် လုံးဝ ကာကွယ်နိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းကဲ့သို့ ကာကွယ်နိုင်ရန် စမ်းသပ်မှုပေါင်းများစွာ၊ အသက်ပေါင်းများစွာ ရင်းနှီးခဲ့ရသည်။ ထို့ကြောင့် ၁၉၄၀ပြည့်နှစ် နောက်ပိုင်းမှစ၍ သွေးသွင်းကုသမှုသည် အသက်ကယ်သော ကုသမှုအဖြစ် တောက်ပနေသောကာလများ ဖြစ်သည်။ ၁၉၈၀ပြည့်နှစ်များမှစ၍ ၎င်းပျော်ရွှင်မှုများအား အရိပ်မည်းကြီးကဲ့သို့ ဒုက္ခပေးသော သွေးမှတစ်ဆင့် ရောဂါပိုးများ ကူးစက်မှုကို စတင်တွေ့ကြုံခဲ့ရသည်။ အထူးသဖြင့် တစ်သက်တာလုံး သူတစ်ပါးသွေးဖြင့် အသက်ဆက်နေရသူများ၊ အရေးပေါ် သွေးသွင်းကုသမှု လိုအပ်သူများ၊ သွေးများစွာလိုအပ်သော ခွဲစိတ်ကုသမှုများတို့တွင် ပိုမိုကြုံတွေ့ခဲ့ရသည်။

နာမည်ကျော် တင်းနစ်ချန်ပီယံ အာသာအက်ရှ်၏ ဘဝအတွေ့အကြုံမှာ သွေးသွင်းကုသမှုသမိုင်းတွင် နောင်တရစရာ ဖြစ်ခဲ့ရသည်။ ထိုသို့ကြိမ်ဖန်များစွာ သွေးသွင်းကုသမှုခံရသူများတွင် တွေ့ရသောရောဂါပိုးများ၊ အထူးသဖြင့် မိသားစုကိုပါ တစ်သက်တာလုံး ဒုက္ခပေးနိုင်မည့် HIV ကဲ့သို့သော ရောဂါပိုးများအကြောင်း ပညာရှင်များစမ်းသပ် တွေ့ရှိခဲ့ကြသည်။

၎င်းရောဂါပိုးများကို တွေ့ရှိသည်မှစ၍ စစ်ဆေးနိုင်သည့်နည်းလမ်းများကို ကြိုးပမ်းရှာဖွေကြရာမှ ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် စမ်းသပ်နိုင်သည့်နည်းလမ်းများ ပေါ်ထွက်လာခဲ့သည်။ သို့သော် ၎င်းစမ်းသပ်၍ ရရှိသော၊ တန်ဖိုးအားဖြင့်လည်း အလွန်မများသော နည်းလမ်းများမှာ ရောဂါပိုး သွေးလှူရှင်အတွင်း ဝင်ဝင်ချင်း မသိရှိနိုင်ဘဲ တစ်လခွဲမှ ခြောက်လကြာအထိ အချိန်ကြာမှ သိနိုင်သောကြောင့် (အသုံးပြုသော Test ပေါ်မူတည်၍) ပညာရှင်များက ၎င်းကာလ(ကြားကာလ)ကို ကာကွယ်ရမည့်နည်းလမ်းများ ရှာဖွေကြသည်။

အရေးပေါ်သွေးလိုအပ်ခဲ့သော အခြေအနေများ ကြုံတွေ့ရချိန်တွင် လိုအပ်သော သွေးများအားလုံးကို ထောက်ပံ့သူတို့မှာ စေတနာ သွေးလှူရှင်များမှ လှူဒါန်းသောသွေးများဖြစ်သဖြင့် ပြည်သူလူထုအတွင်း သွေးလိုအပ်သည်ကို သိရှိပါက စေတနာ သွေးလှူရှင်များ လုံလောက်စွာ ထပ်မံ ပေါ်ပေါက်လာမည်ဟု မျှော်လင့်။

အကောင်းဆုံးနှင့်အထိရောက်ဆုံး ကာကွယ်နည်းမှာ လှူဒါန်းမည့်သွေးလှူရှင်များက မိမိကိုယ်တိုင် သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများရရှိနိုင်သည့် အပြုအမူများ မပြုလုပ်ကြောင်း အာမခံနိုင်ခြင်းပင်ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ၎င်းကဲ့သို့သော အန္တရာယ်ရှိသည့် အပြုအမူများကို ပြုလုပ်ခဲ့ဖူးခြင်းရှိမရှိ မေးခွန်းလွှာများစီစဉ်၍ သွေးလှူရှင်အား သွေးမလှူခင် မိမိဘာသာ ဖြေဆိုနိုင်ရန် စီစဉ်ခဲ့ကြသည်။ ထို့အပြင် ပြည်သူများအား အန္တရာယ်ကင်းသော သွေးသွင်းကုသမှုဖြင့် အသက်ကယ်နိုင်ရန်နှင့် မိမိကြောင့် အန္တရာယ်မဖြစ်စေရန် လိုက်နာနေထိုင်ပြုမူရမည့်အပြုအမူများနှင့်ပတ်သက်၍လည်း ကျယ်ပြန့်စွာ ပညာပေးခဲ့ကြသည်။ ရောဂါပိုးစစ်ဆေးမှုစနစ်များ မပေါ်ပေါက်မီကတည်းက သွေးလှူရှင်၏ အပြုအမူ ဓလေ့စရိုက်ကို သေချာစွာစစ်ဆေးခြင်းဖြင့် အန္တရာယ်ကင်းစင်သည့် သွေးရရှိမှု အာမခံနိုင်ရန် ကြိုးပမ်းခဲ့သည်။ ထိုကဲ့သို့သော အန္တရာယ်မကင်းသည့် အပြုအမူများ လုံးဝ မပြုလုပ်သူဖြစ်ကြောင်း သေချာမှသာ သွေးလှူဒါန်းစေသည်။ ၎င်းကဲ့သို့ စေတနာအလျောက် လာရောက်သွေးလှူဒါန်းသူများကသာလျှင် မိမိတို့၏ အပြုအမူများ အန္တရာယ်ကင်းမကင်း မှန်ကန်စွာ စိစစ်နိုင်မည်ဖြစ်သည်။ သူတစ်ပါးတိုက်တွန်းသောကြောင့်လည်းကောင်း၊ မိမိနှင့်ရင်းနှီးသူများ အရေးပေါ် သွေးလိုအပ်နေသောကြောင့်လည်းကောင်း၊ အသင်းအဖွဲ့အတွင်း မလွှဲမရှောင်သာ၍ ပါဝင်လှူဒါန်းရန် လာရောက်ခြင်းသည်လည်းကောင်း၊ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်၍ အဖြေမှန်ပေးရန် ခက်ခဲသောကြောင့်လည်းကောင်း အန္တရာယ်ကင်း၊ မကင်း စိစစ်ရန် အကန့်အသတ်ရှိပါသည်။

ထို့ကြောင့် **အန္တရာယ်ကင်းသော သွေးသွင်းကုသမှု၏ အဓိကစွမ်းဆောင်ရှင်များမှာ အန္တရာယ်ကင်းအောင် ပြုမူနေထိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်၍ မိမိကိုယ်ကို တာဝန်ယူရဲသော စေတနာ သွေးလှူရှင်များသာဖြစ်** သည်။

ယခုအခါ အမျိုးသားသွေးဌာနသည် တစ်လတွင် သွေး ၁၅၀၀မှ ၂၀၀၀ ယူနစ်ကြားတွင် လိုအပ်လျက်ရှိပြီး စေတနာသွေးလှူရှင်များမှလှူဒါန်းမှုမှာ ၆၅ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်သည်။ အခြားဆေးရုံများရှိ လူနာများအား လုံလောက်စွာ ထောက်ပံ့ရန်မှာ လေးလတစ်ကြိမ် မှန်မှန်လာရောက်သော သွေးလှူရှင် ၁၅၀၀၀ ခန့်ရရှိပါက တစ်နှစ်စာလုံလောက်စွာ ထောက်ပံ့နိုင်မည် ဖြစ်သည်။

အရေးပေါ်သွေးလိုအပ်ခဲ့သော အခြေအနေများ ကြုံတွေ့ရချိန်တွင် လိုအပ်သော သွေးများအားလုံးကို ထောက်ပံ့သူတို့မှာ စေတနာ သွေးလှူရှင်များမှ လှူဒါန်းသောသွေးများဖြစ်သဖြင့် ပြည်သူလူထုအတွင်း သွေးလိုအပ်သည်ကို သိရှိပါက စေတနာသွေးလှူရှင်များ လုံလောက်စွာ ထပ်မံပေါ်ပေါက်လာမည်ဟု မျှော်လင့်သည်။

ယခုအခါ (၁၁၄)ကြိမ်အထိ လှူဒါန်းခဲ့သော စေတနာသွေးလှူရှင်များမှာ အသက်အရွယ် ကြီးရင့်လာပြီဖြစ်ပါ၍ ၎င်းတို့နေရာတွင် ဖြည့်စွက်အစားထိုးနိုင်မည့် သွေးလှူရှင်များလိုအပ်နေပြီဖြစ်သည်။

သို့ဖြစ်ရာ လူနာများ၏ အသက်ကို သွေးသွင်းကုသမှုဖြင့် ကယ်တင်ရာတွင် အဓိကအကျဆုံးဖြစ်သည့် စေတနာသွေးလှူရှင်များ၏ စွမ်းဆောင်နိုင်မှုကို လေးစားကျေးဇူးတင်လျက်ရှိနေပါကြောင်းနှင့် စေတနာဖြူစင် သွေးလှူရှင်များ ပိုမိုပေါ်ထွန်းလာပါစေဟု ဆန္ဒပြုမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

၂၀၀၅ခုနှစ်၊ ဇွန်လ (၁၄) ရက်

ကျန်းမာရေးဝန်ကြီးဌာန

သုံးခွနှင့်ကျောက်တန်းမြို့နယ်ဆက်သွယ်သည့် ကဒပ္ပနတံတားဖွင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့်ကျောက်တန်းမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီတွင် သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာ ကွင်းအမှတ်(၈၄၃–အေ)သို့ရောက်ရှိပြီးဆင်းသွယ်လတ် စပါးမျိုး မျိုးသန့်ပွားများရေး အထူးဇုန် ဧက ၁၀၀ အတွင်း တမန်းကောင်းစေရန် လယ်ထွန်စက်အစီး ၅၀ ဖြင့် မြေယာပြုပြင်ထွန်ယက်နေမှု၊ တစ်နှံမှတစ်ကွင်း၊ တစ်ကွင်းမှတစ်နိုင်ငံ ခေါင်နှံမျိုးဖြင့် တစ်ပိုင်တစ်နိုင် မျိုးသန့်ပွားများသည့် နည်းစနစ်အရ ဆင်းသွယ်လတ်စပါးမျိုးလက်တွေ့ပျိုးထောင်နေမှုနှင့် တောင်သူ ဦးအောင်မြင့်၏ စပါးတစ်မိုးနှစ်သီးစိုက်ခင်းတို့ကို ကြည့်ရှုအားပေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာဦးအောင်ဆန်းနှင့်တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စပါးတစ်မိုးနှစ်သီး နှစ်စဉ်ဧကတိုးချဲ့စိုက်ပျိုးကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကဒပ္ပနတံတားဖွင့်ပွဲ

ထိုမှတစ်ဆင့် သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကဒပ္ပနတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် တံတားများ တည်ဆောက်ခြင်း၊ လမ်းများဖောက်လုပ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် ကဒပ္ပနတံတားသည် သုံးခွမြို့နယ်နှင့် ကျောက်တန်း မြို့နယ်တို့ကို ဆက်သွယ်ပေးသည့် တံတားဖြစ်ပြီး ကဒပ္ပန–ခနောင်–ကမာကလုပ်–ပန်းတောလမ်းပေါ်၌ တည်ရှိနေသဖြင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာတော့မည်ဖြစ်ကြောင်း။

ယခုတံတားမတိုင်မီ ရွာသစ်ကလေးတံတားကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် မကြာမီကာလအတွင်း မဂ်လွန်းတံတားကိုလည်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ ကဒပ္ပနတံတားသည် ယခင်တံတားဟောင်း၏ သစ်သားတိုင်များနေရာတွင် သံကူကွန်ကရစ်တိုင်၊ ရက်မများဖြင့် အစားထိုးပြီး ဘေလီသံပေါင်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ဒေသ၏လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့် အမျှ စိုက်ပျိုးရေးကဏ္ဍ ပိုမိုမြင့်မားစေရေးအတွက် စပါးတစ်မိုး နှစ်သီးစိုက်ပျိုးကြပြီး မိုးစပါး၊ နွေစပါး၊ ပဲတီစိမ်း၊ ပဲတီရွှေဝါများ ပန်းတိုင်အထွက်နှုန်း ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် တံတားရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်စေ ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တံတားဖွင့်ပွဲအခမ်းအနားကို တံတားမုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းမောင်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များသည် တံတားကိုဖြတ်သန်းကြည့်ရှုကြသည်။ ယမန်နေ့ကဖွင့်လှစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကဒပ္ပန တံတားသည် ကဒပ္ပန–ခနောင်–ကမာကလုပ်–ပန်းတောလမ်းပေါ်၌ တည်ရှိပြီး အရှည်ပေ ၁၈၀၊ အကျယ် ၁၂ ပေ ၁၁ လက်မ၊ ရေလမ်းကင်းလွတ် အမြင့် ၈ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၅၂ ပေနှင့် ခံနိုင်ဝန် ၁၃ တန်ရှိသည့် သံကူကွန်ကရစ် တိုင်၊ရက်မနှင့် ဘေလီသံပေါင်ဆင် သစ်သားကြမ်းခင်းတံတားဖြစ်သည်။

တံတားဖွင့်ပွဲအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ကျောက်တန်းမြို့နယ် တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းသူရက တံတားမြို့ဆိုင်ရာ အချက်အလက်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တံတားမြို့အခြေခံပညာအထက်တန်းကျောင်း

ထို့နောက် တိုင်းမှူးသည် တံတားမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အလျားပေ၁၂၀၊ အနံပေ ၃၀ ရှိ တစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုနှင့် ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ် ဆရာကြီးဦးလှဝင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းမှူးသည် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားစွာ သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တံတားမြို့တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဓာတ်မှန်ဆောင် တည်ဆောက်ပြီးစီးမှုနှင့် လူနာဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်ဇော်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူခိုင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒေသခံပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူခိုင်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ကျောက်တန်းမြို့နယ် တံတားရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိစစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၄–၆–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ဦးလတ်၏ ဓာတ်လမ်း ဖန်တီးမှုအတတ်ပညာ (ဒုတိယနှစ်–မြန်မာစာ)
(ခ) Introduction to Psychology (ပထမနှစ်–စိတ်ပညာ)
၅:၂၅ ၉။ ပညာခေတ်
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ ကြမ္မာ"** (အပိုင်း–၃၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူသူရဲကောင်း"** (အပိုင်း–၁၈)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အရှိန်အဟုန်မြှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန်၁၀ရက်နှင့် ၁၁ရက်တို့တွင် မိုးကုတ်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများ၌ မြို့နယ်အသင်းများ၏ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများအား တွေ့ဆုံသည်။ (အပေါ်ပုံ)

ဇွန်၉ရက်က တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမတွင် ကျောင်းကျန်းမာရေးအဖွဲ့က ကြီးမှူး၍ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း ကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူးဒေါက်တာဦးတင်မောင်ဝင်း ဟောပြောစဉ်။ (၁၁၅)

ယင်းသို့ တွေ့ဆုံရာတွင် ဗဟို အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၌ ဦးဆောင်ဦးရွက် ဆောင်ရွက်သွားရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ကျရာ အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရေးတို့ကို အသေးစိတ် ဆွေးနွေး မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ဇွန် ၁၁ ရက် နံနက် ၆နာရီခွဲ တွင် မိုးကုတ်မြို့ သတိပဋ္ဌာန် စာသင်တိုက်သို့ရောက်ရှိပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သုနန္ဒနှင့် သံဃာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညို ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

နံနက်၉နာရီခွဲ တွင် မိုးကုတ်မြို့နယ် ကင်းရွာ အခြေခံပညာအလယ်တန်း

ကွယ်လွန်သူ ဦးသောင်းစိန်အားရည်စူး၍ သုဝဏ္ဏစုပေါင်းအိမ်ရာ ခရေမြိုင်လမ်းသွယ်နေ ဇနီးဒေါ်ခင်ခင်နွဲ့နှင့် သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ချောင်းကောက် ရေလှောင်တမံ ပိုလျှံရေများကို မိတ္ထီလာကန်သို့ ဖြည့်တင်းရေး လုပ်ငန်းတွင် ဆက်သွယ်မြောင်း များအား စက်ယန္တရားများဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေး စဉ်။ (လယ်ယာ/ဆည်မြောင်း)

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ချောင်းကောက်နှင့် မြို့ကြီးရေလှောင်တမံများစစ်ဆေး လွန်ကျော်ဝါ သုတေသနခြံ မိုးကြိုးချည်မျှင်ရှည်ဝါ မျိုးပွားစိုက်ခင်းကြည့်ရှု

ရန်ကုန် ဇွန် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ရက်က မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၌ တည်ဆောက်ထားသော ချောင်းကောက်ရေလှောင်တမံသို့ ရောက်ရှိပြီး မန္တလေးတိုင်း စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ချောင်းကောက်ရေလှောင်တမံဆည်ရေဖြင့် သီးနှံစိုက်ပျိုးမှုနှင့် ပိုလျှံရေများ မိတ္ထီလာကန်သို့ ဖြည့်တင်းပေးရေးကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးသည် ချောင်းကောက်ရေလှောင်တမံ၌ ရေဧကပေ ၅၀၀၀ကျော် ထိန်းသိမ်းထားမှုနှင့် ဆည်ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအတွက် ချောင်းကောက် ရေလှောင်တမံနှင့် မိတ္ထီလာကန်အကြားရှိ ရေပိုရေလျှံများကို ထိရောက်စွာ အသုံးချလျက် မိတ္ထီလာကန် ရေကူဖြည့်ပေးနိုင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညောင်ကုန်းရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက် ရေလှောင်တမံမှ ပိုလျှံရေပမာဏ ဧကပေတစ်သောင်းခန့်နှင့် ချောင်းကောက်ရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ ညောင်ကုန်းရေလှောင်တမံ ဆက်သွယ်တူးမြောင်း တစ်လျှောက်ရှိ ရေဆင်းဧရိယာ ၂၄ စတုရန်းမိုင်မှ စီးဆင်းလာမည့် ရေပမာဏ ဧကပေကိုးထောင်ခန့်ကို ညောင်ကုန်းရေလှောင်တမံမှ လေးမိုင်ခွဲ ကွာဝေးသည့် မိတ္ထီလာကန်သို့ ရေဖြည့်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကုက္ကိုစုကျေးရွာအုပ်စု၌ စိုက်ပျိုးဖြစ်ထွန်းနေသော မိုးကြိုးချည်မျှင်ရှည်ဝါ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ကူမဲ ရှေ့တန်းစခန်း တာဝန်ခံက မြစ်သားမြို့နယ်၌ မိုးကြိုးချည်မျှင်ရှည်ဝါ ၃၂၈၂ ဧက စိုက်ပျိုးမှု၊ ဆည်ရေရရှိမှု၊ ပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ၄၀၀ ရရှိနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝါစိုက်တောင်သူများ၊ ဌာနဝန်ထမ်းများနှင့် ဆွေးနွေးရာ ဝါစိုက်တောင်သူ ဦးမောင်သန်းက တစ်ဧကဝါပိဿာ ၄၀၀ထွက်ရှိမှု အခြေအနေကို လည်းကောင်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပြေတင်က မျိုးသန့်ဝါမျိုးများ စိုက်ပျိုးမှုနှင့် စိုက်ခင်းပြုစုမှု နည်းပညာများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးသည် ချည်မျှင်ရှည်ဝါစိုက်ခင်းများနှင့် ဝါမျိုးနမူနာများ၊ ဝါဂွမ်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံ

ညနေပိုင်းတွင် ဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း လုပ်ငန်းများနှင့်ဇော်ဂျီမြစ်၏ အနေအထားတို့ကို ကြည့်ရှု စစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တည်ဆောက်ရေး(၇)ဒုတိယညွှန်ကြားရေးမှူးတို့က ရှင်းလင်းပြသကြသည်။

လုပ်ငန်းသတ်မှတ်ပေး

ထို့နောက် ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူးက ဘူမိဗေဒ စမ်းသပ်မှုလုပ်ငန်းများနှင့် ပင်မတမံတည်ဆောက်မည့် လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ပေးပြီး လိုအပ်ချက်များကို ပံ့ပိုးသည်။

မြို့ကြီးရေလှောင်တမံသည် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်စနစ်များနှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်များကို ရေဖြည့်တင်းပေးနိုင်မည့်အပြင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင် ပါဝင်သော ရေလှောင်တမံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

လွန်ကျော် ဝါသုတေသနခြံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း လွန်ကျော်ဝါသုတေသနခြံသို့ ရောက်ရှိပြီး မိုးကြိုးချည်မျှင်ရှည်ဝါ မျိုးပွားစိုက်ခင်းဧက ၂၀၀ ကျော်နှင့် သုတေသန စိုက်ခင်းများ၊ မျိုးဝါစေ့များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မျိုးသန့်ဝါများ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် လွန်ကျော်ခြံ၏ မိုးကြိုးမိုးနှောင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဝါမျိုးသန့် ရရှိရေး၊ဝါတောင်သူများအား စိုက်ပျိုးနည်းစနစ်များပြသရေး၊ ခြံ၌ စိုက်ပျိုးဧက အပြည့်အဝ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာ ဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ ရောက်ရှိပြီး စက်ရုံက ထုတ်လုပ်သည့် အင်ဂျင်ဂီယာဘောက်၊ ဖလိုင်းဝှီးနှင့်အစိတ်အပိုင်းများ၊ လက်တွန်းထွန်စက်နှင့် တွဲဖက်သုံးနိုင်သော ယာဉ်များ၊ လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချစ်ခြင်းငယ်ပြိုင် လာမည့်သောကြာ ရုံဝင်လာမည် မိုက်တီးရဲ့အပြင်းစားရိုက်ချက် မကြာမီရုံတင်တော့မည်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဇွန် ၁၃

မြသရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ကာ ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို အကယ်ဒမီ ကိုကိုလေး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်းက တွဲဖက် ဒါရိုက်တာ ချမ်းသာကြည်စိုးနှင့်တွဲဖက် ရိုက်ကူးထားသည့် **ချစ်ခြင်း ငယ်ပြိုင်** ရုပ်ရှင်ဇာတ်ကားသစ် ယခုလာမည့် သောကြာပတ် ၁၇-၆-၂၀၀၅ ရက်တွင် ရန်ကုန်၊ သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံကြီးများနှင့် မန္တလေး ဝင်းလိုက်၊ မြို့မ။ တောင်ကြီး ဗန္ဒုလ၊ မြသုခ။ မြိတ်မြို့ဂုဏ်အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် ရိုက်ကူးထားသဖြင့် ရိုက်ကွင်းသစ်၊ မြင်းကွင်းသစ်များကို တွေ့မြင်ခံစားကြရမည်ဖြစ်ပြီး ထိုင်းနိုင်ငံလေးဖက် သံကြားစက်တွင် အသံအရည်အသွေးများ ဖန်တီးထားပြီး ဇာတ်လမ်းဇာတ်အိမ်ခိုင်မာသော မေတ္တာဘွဲ့ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ဗန်ကောက်မြို့ရှိ နာမည်ကြီးရုပ်ရှင်ရုံများဖြစ်သော **Emporium**တွင် တစ်ကြိမ်၊ **Isetan** တွင်တစ်ကြိမ် ပြသခဲ့ရာ ရုံပြည့်ရုံလျှံ အားပေးခြင်း ခံခဲ့ရသည်။

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားတွင် အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ကျော်သူ၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ ကင်းကောင်၊ သရုပ်ဆောင်သစ်ရွှေသွေးနှင့် ဂျပန်သရုပ်ဆောင်များ ပါဝင်အားဖြည့်သရုပ်ဆောင်ထားပြီး ဂျပန်နိုင်ငံတိုကျိုအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်(18thTokyo International Film Festival, TIFF)တွင် ပြိုင်ပွဲဝင်ရုပ်ရှင်ကားအဖြစ် သွားရောက်ပြသရန် စီစဉ်ထားသော မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ် အကြိုက်တွေ့စေမည့် ထူးခြားသော ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

'ချစ်ခြင်းငယ်ပြိုင်' ဇာတ်ကားမှ ရန်အောင်နှင့် မေသန်းနု။

ကျန်စစ်မင်း

ဧရက် ရုပ်ရှင်ထုတ်လုပ်ရေး ဦးသိန်းလှိုင်(B.A)၏ ဇာတ်လမ်းကို ဇာတ်ညွှန်း မြင့်ဦးဦးမြင့်၊ မြမြင့်မိုရ်တို့ ရေးသားပြီး ဒါရိုက်တာလူမင်းရိုက်ကူးပြီး လူမင်း၊ သူထူးစံ၊ ညီညီတာ၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာနှင့် မင်းသားကြီး ညွှန့်ဝင်းတို့ပါဝင်သရုပ်ဆောင်ထားပြီး မြို့လယ်ရုံများတွင် ရုံပြည့်ရုံလျှံ ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

အချစ်နှင့်သူ၏ ဂုဏ်သိက္ခာ

ဇာတ်လမ်း စိုးဇန်အောင်၊ဇာတ်ညွှန်း ငြိမ်းမင်းရေးသားသော **အချစ်နှင့် သူ၏ ဂုဏ်သိက္ခာ** ဇာတ်ကားကို တွဲဖက် ဒါရိုက်တာ အေးကျော်၊ ဒါရိုက်တာ အကယ်ဒမီ မောင်နန္ဒက ရိုက်ကူးပြီး အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ဒွေး၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အကယ်ဒမီ နန္ဒာလှိုင်တို့ဖြင့် ရွှေဂုန်ရုံ မြေညီထပ်တွင် လာမည့် သောကြာပတ်၌ရုံဝင်လာမည်ဖြစ်သည်။

အချစ်နှင့် သူ၏ဂုဏ်သိက္ခာ ဇာတ်ကားမှ ရန်အောင်၊ ဒွေး၊ ထွန်းအိန္ဒြာဗိုနှင့် နန္ဒာလှိုင်။

ဂျိမ်း(စ်)ဘွန်းမင်းသားကြီးရှောင်ကွန်နရီပါဝင်သော ဒါရိုက်တာ Jerry Zucker၏ First Knight ဇာတ်ကား ရွှေဂုန်ရုံအပေါ်ထပ်နှင့် မြို့မရုံတွင် Kahin Pyarr Na Ho Jaaye အိန္ဒိယဇာတ်ကားတို့ လည်း လာမည့် သောကြာပတ်တွင် ရုံဝင်လာမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အပြင်းစားရိုက်ချက် ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

မိုက်တီး၏ အပြင်းစားရိုက်ချက်

စိန်သရဖူရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ ဒါရိုက်တာမိုက်တီး၏ **အပြင်းစားရိုက်ချက်** မကြာမီရုံဝင်လာတော့မည် ဖြစ်သည်။ **အပြင်းစားရိုက်ချက်** တွင် အကယ်ဒမီလွင်မိုးက ဒါရိုက်တာရူး ရူးသူ ဒါရိုက်တာရင်အဖြစ် သရုပ်ဆောင်ထားပြီး တင့်တင့်ထွန်း၊ ထွန်းထွန်းနိုင်၊ မိုးဒီ၊ ခင်လှိုင်၊ ကင်းကောင်၊ ပိုးဖြူ၊ ဇေရာစသည့် ဟာသသရုပ်ဆောင်များစွာဖြင့် ရုပ်ရှင်ကြည့်ပရိသတ် ရွှင်မြူးစေမည့် ဇာတ်ကားဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်အသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်နေသည်။ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက လေးဂိုးသွင်းယူပြီး ဂိုးပြတ်အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် အနိုင်ဂိုးများကို အချိန်ပိုပထမပိုင်း ငါးမိနစ်တွင် စိုးမြတ်မင်းက ပထမဂိုး၊ အချိန်ပိုဒုတိယပိုင်း ငါးမိနစ်တွင် မျိုးလှိုင်ဝင်းက ဒုတိယဂိုး၊ အချိန်ပို ဒုတိယပိုင်း ၁၀ မိနစ်တွင် ကျော်သူရက တတိယဂိုး၊ အချိန်ပိုဒုတိယပိုင်း ၁၃ မိနစ်တွင် အေးမင်းထွန်းက စတုတ္ထဂိုးသွင်းယူပေးသည်။

ယနေ့ပွဲ

ဇွန် ၁၄ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဆောက်လုပ်ရေးအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက မြားပစ်အားကစားနည်းတာဝန်ခံ ဒေါ်ညွန့်ညွန့်ဦးက ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများအား အားပေးစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

100-Plus Power ASEAN Junior Golf Championship-2005 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြားပစ်လက်ရွေးစင်အားကစားသမားများ လေ့ကျင့်လျက်ရှိ

ရန်ကုန် ဇွန် ၁၃

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများအား စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက မြားပစ်အားကစားနည်းတာဝန်ခံ ဒေါ်ညွန့်ညွန့်ဦးနှင့် နာယကများဖြစ်ကြသည့် ဒေါ်ခင်အေး၊ ဒေါ်ခင်မိမိ၊ ဒေါ်ခင်မြဝင်းနှင့် အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မစိုးတို့ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါနာယကအဖွဲ့အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် မြားပစ်အသင်း အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများ၏ အိပ်ဆောင်နှင့် စားသောက်ဆောင်များအား လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပဏာမမြားပစ် အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက မြားပစ် အားကစားနည်း တာဝန်ခံ ဒေါ်ညွန့်ညွန့်ဦးနှင့် နာယကအဖွဲ့က ပဏာမလက်ရွေးစင်မြားပစ်အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပြီး အားပေးစကား ပြောကြားသည်။ **(မြန်မာ့အလင်း)**

အာဆီယံလူငယ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲ၌ မြန်မာအသင်း တတိယရရှိ

ရန်ကုန် ဇွန် ၁၃

မလေးရှားနိုင်ငံ Kelab Golf Sultan Abdula Aziz Shah Alam Selangor Kuala Lumpur ၌ ဇွန် ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သော 100-Plus Power ASEAN Junior Golf Championship-2005 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းမှ တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိပြီး အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆု ရရှိသည်။

တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းမှ နေဗလဝင်းမြင့်က (၇၅+၇၃+၇၃) စုစုပေါင်း ၂၂၁ ချက်ဖြင့် ဒုတိယဆုကို ရရှိသည်။

ယင်းတစ်ဦးချင်းပြိုင်ပွဲတွင် စင်ကာပူမှ L.Goh Kun Yan က (၇၃+၇၅+၆၇) စုစုပေါင်း ၂၁၅ ချက်ဖြင့် ပထမရပြီး၊ မလေးရှားမှ Mohdlylia က (၇၅+၇၄+၇၅) စုစုပေါင်း ၂၂၄ ချက်ဖြင့် တတိယရရှိသွားသည်။

လူငယ်အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက တတိယရရှိပြီး၊ ဖိလစ်ပိုင်လူငယ်အသင်းက ပထမရရှိကာ မလေးရှားလူငယ်အသင်းက ဒုတိယရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တစ်လွှား အားကစား

ကမ္ဘာ့ဖလား လူငယ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင် ဘရာဇီး ပွဲဦးထွက်သရေပွဲဖြစ်၊ နာမည်ကြီးအီတလီ ရှုံးနိမ့်

ဥထရက် ဇွန် ၁၃

ဟော်လန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားလူငယ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို စတင်ကစားလျက်ရှိပြီ ဖြစ်သည်။ ၁၉၇၇ ခုနှစ်မှစတင်ကာ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားလူငယ်ဘောလုံးပြိုင်ပွဲမှာ ယခုအကြိမ်သည် (၁၅)ကြိမ်မြောက်ဖြစ်ပြီး တိုက်ကြီးများမှ အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ အုပ်စုခြောက်ခုမှ ပထမ၊ ဒုတိယ ၁၂ သင်းနှင့် အကောင်းဆုံး တတိယဆုရရှိသည့် အသင်းလေးသင်းအပါအဝင် စုစုပေါင်း ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ကြမည် ဖြစ်သည်။

ယခုအခါ အုပ်စု(က)၊(ခ)၊(ဂ)၊(ဃ)များမှ အသင်းအချို့ အုပ်စုပွဲများ ကစားခဲ့ကြပြီးဖြစ်သဖြင့် အုပ်စု(ခ)မှ ဘရာဇီးနှင့် နိုင်ဂျီးရီးယား၊ အုပ်စု(င)မှ ကိုလံဘီယာနှင့် အီတလီ၊ ဆီးရီးယားနှင့် ကနေဒါ၊ အုပ်စု(စ)မှ တောင်ကိုရီးယားနှင့် ဆွစ်ဇာလန်တို့ ဇွန် ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘရာဇီးနှင့် နိုင်ဂျီးရီးယားတို့ ဂိုးမရှိသရေပွဲဖြစ်ပြီး ကိုလံဘီယာက အီတလီကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ကာ ဆီးရီးယားနှင့် ကနေဒါက တစ်ဂိုးစီ သရေပွဲဖြစ်ပြီး တောင်ကိုရီးယားက ဆွစ်ဇာလန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြသည်။

ဘရာဇီးနှင့် နိုင်ဂျီးရီးယား

ယူ(၂၀) ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံလေးကြိမ်ရရှိထားသော ဘရာဇီးသည် နိုင်ဂျီးရီးယားကို အနိုင်မကစားနိုင်ခဲ့ပေ။ နိုင်ဂျီးရီးယားတို့က မာမာတင်းတင်း အဝင်အထွက်ရဲရဲဖြင့် ကစားခဲ့မှုကြောင့် ဘရာဇီးတို့ ကစားကွက်တည်မရဘဲ ဖြစ်ခဲ့ရသည်။

ဘရာဇီးတိုက်စစ်မှူးများ အပြင်းအထန် ထိုးဖောက်တိုက်စစ်ဆင်သော်လည်း နိုင်ဂျီးရီးယား နောက်တန်းခံစစ်မှူးများက မနားတမ်းဖျက်ထုတ်မှုနှင့် နိုင်ဂျီးရီးယား ဂိုးသမား လက်စွမ်းပြကာကွယ်နိုင်ခဲ့မှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် နိုင်ဂျီးရီးယားတို့ တန်ပြန်တိုက်စစ်ဆင် ကစားနိုင်ခဲ့ရာမှ နိုင်ဂျီးရီးယား တိုက်စစ်မှူးများဖြစ်သည့် မီးခေးလ်နှင့် ကိုင်တာတို့၏ အတင်းထိုးဖောက်ဂိုးသွင်းမှုများကိုလည်းဘရာဇီးဂိုးသမား ရမ်နန်က ကာကွယ်သွားနိုင်ခဲ့၍သာ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ သရေဖြစ်ခဲ့သဖြင့် ဘရာဇီးတို့ ပွဲဦးထွက်တွင် နိုင်ဂျီးရီးယားနှင့် တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။

ကိုလံဘီယာနှင့် အီတလီ

အုပ်စု(င)မှ အသင်းများဖြစ်ပြီး နာမည်ကြီး အီတလီတို့ ပွဲဦးထွက်အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ကိုလံဘီယာအသင်းက ပွဲစတင်သည်နှင့် တိုက်စစ်ဆင်ကစားခဲ့ရာ မနားတမ်းထိုးဖောက်တိုက်စစ်ဆင်မှုကို အီတလီတို့ ဟန့်တားကာကွယ်နေခဲ့ရသည်။

ကိုလံဘီယာအသင်း တိုက်စစ်မှူးများ အဆက်မပြတ် ထိုးဖောက်မှုမှာလည်း အီတလီ ခံစစ်ကြောင်းကို မကျော်နိုင်ခဲ့၍ ပထမပိုင်း ပွဲချိန်တွင် ဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင်လည်း ကိုလံဘီယာတို့ အဖွင့်ဂိုးရရှိရေးအတွက် အဝင်အထွက်ကြမ်းကြမ်းဖြင့် ကစားမှုကြောင့် အဝါကတ်ပြ သတိပေးခံရမှုများနေခဲ့ရာမှ ၇၈ မိနစ်တွင် ကိုလံဘီယာမှ ရန်တဲရီးယားက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး မိနစ် ၉၀ တွင် ကိုလံဘီယာမှ ဂွာရင်က ဒုတိယဂိုး သွင်းယူနိုင်ခဲ့သဖြင့် ကိုလံဘီယာတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး သုံးမှတ်အပြည့်ရရှိခဲ့ခြင်း ဖြစ်သည်။ **(ဆင်ဟွာ)**

အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပ

ဟနွိုင်း ဇွန် ၁၃

ဗီယက်နမ်နိုင်ငံသည် အာရှ အမျိုးသမီးဘောလုံး ချန်ပီယံရှစ်ပြိုင်ပွဲကို ဇွန် ၁၂ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အဆိုပါ အာရှ အမျိုးသမီးဘောလုံး ချန်ပီယံရှစ်ပြိုင်ပွဲတွင် နိုင်ငံနှင့် ဒေသ ၁၂ ခုမှ အမျိုးသမီးအားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်သည်။ ယင်းတို့မှာ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဂူအမ်၊ မော်လ်ဒိုက်၊ ဥဇဘက်ကစ္စတန်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မြန်မာ၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်နှင့် အိမ်ရှင် ဗီယက်နမ်တို့ ဖြစ်သည်။

အဆိုပါအသင်းများသည် အုပ်စုလေးစုခွဲပြီး ကစားကြမည်ဖြစ်သည်။ ယင်းအုပ်စု လေးစုမှ ထိပ်သီးအသင်းများသည် ၂၀၀၆ ခုနှစ် မေလတွင် တရုတ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့် ဂျပန် အမျိုးသမီးအသင်းများနှင့် ဗိုလ်လုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(ဆင်ဟွာ)**

ရောထွန်း(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော် မန္တလေးမြို့ အဝင်လမ်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

မန္တလေး ဇွန် ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများနှင့်အတူ ဇွန်၇ရက် ညနေ ၃နာရီက ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ် ရောထွန်း(၁)ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်း၊ အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်အဝင် တောင်သမန်ကန်ပတ် လမ်းတစ်လျှောက် ကန်ရေတိုက်စားမှု ဒဏ်ခံနိုင်ရန်အတွက် ကျောက်ရိုးစီမြေထိန်း နံရံတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရန်ကုန်-မန္တလေးလမ်း မန္တလေးမြို့အဝင် လမ်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် လမ်းပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး အနောက်ခြမ်းပတ်လမ်းဘေး သံလျက်မော်တောင်ရပ် ရောထွန်း(၁)ရပ်ကွက်သို့ ရောက်ရှိလာရာ လမ်းတံတားဌာန ဌာနမှူးဗိုလ်မှူးအောင်စိုး၊ သန့်ရှင်းရေးဌာန ဌာနမှူးဦးတင်ထွဋ်ကျော်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေ၊ သံလျက်မော် တောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရောထွန်းတိုက်ခန်းအဆောင်(၄) လူနေတိုက်ခန်းများနောက်ဘက် တွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရောထွန်းရပ်ကွက်အတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်း များကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

မြို့တော်ဝန်နှင့်အဖွဲ့သည် ရောထွန်းတိုက်ခန်းအဆောင်(၄) နောက်ကျော ဘက်တွင် ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် သန့်ရှင်းရေးမြောင်းဆယ်ဝန်ထမ်း များဖြင့် ရေနုတ်မြောင်းအတွင်းမှ အမှိုက်သရိုက်အညစ်အကြေးများ ဆယ်ယူ ရှင်းလင်းနေမှု၊ စက်ယန္တရားဖြင့် ရေနုတ်မြောင်းတိုးချဲ့တူးဖော်နေမှုလုပ်ငန်းများ ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်များမှ စွန့်ပစ်အမှိုက်များ သတ်မှတ် နေရာတွင် စနစ်တကျ စွန့်ပစ်ရေးအတွက် ရပ်ကွက်ပြည်သူများအား တာဝန်ရှိ သူများက ကြပ်မတ်ဆောင်ရွက်၍ ပညာပေးစည်းရုံးသွားရန် မှာကြားသည်။

ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အမရပူရမြို့နယ် ရတနာပုံ တက္ကသိုလ်အဝင် တောင်သမန်ကန်ပတ်လမ်းသို့ ရောက်ရှိပြီး ကန်ပတ်လမ်း (အရှေ့ခြမ်း)တစ်လျှောက် လမ်းပခုံးသား ကန်ရေတိုက်စားမှုဒဏ်ခံနိုင်ရန်အတွက် ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်နေမှု လုပ်ငန်းတိုးတက်မှု အခြေအနေ များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများပွင့်လင်းရာသီအမီ ပြီးစီးရေး အတွက် ဆောင်ရွက်သွားရန်နှင့်လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့် နည်းပါး အောင် အကျိုးရှိရှိအသုံးအပြုဆောင်ရွက်သွားရန် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)မှ တံခွန်တိုင်တံတားအထိ ရန်ကုန်-မန္တလေးလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် မန္တလေးမြို့အဝင် လမ်းမကြီးတစ်လျှောက် ယာဉ်ကြောခွဲ လမ်းလယ်ကျွန်းနှင့် လမ်းလယ်ကျွန်းများအတွင်း အရိပ်ရပင်များ၊ ပန်းအလှ ပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့် လမ်းဘေးဝဲယာတစ်လျှောက် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ဌာနမှူးများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၃၁၃)

အမြို့မြို့ အနယ်နယ် သတင်းများ

အနေးယာဉ်လုပ်ငန်းလိုင်စင် ဟိုပင်မြို့၌ သက်တမ်းတိုး

ဟိုပင် ဇွန် ၃

ဟိုပင်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသွားလာ အသုံးပြုနေသောဆိုက်ကားအနေးယာဉ်များ မြို့တွင်းတွင် စည်းကမ်းတကျ ရပ်နားခြင်း၊သွားလာခြင်းနှင့်သတ်မှတ်ထားသောစည်းကမ်းများနှင့် ညီညွတ်ခြင်းရှိ မရှိတို့ကို စစ်ဆေးပြီး အနေးယာဉ်လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးပေးခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ မေ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးစီး အရာရှိ ဦးမောင်မောင်သွင်ဦးစီးသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက စည်ပင်သာယာဈေး မြေကွက်လပ်တွင် စစ်ဆေးဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

မေ၂၈ရက်က ဝေါမြို့အခြေခံပညာ အလယ်တန်းကျောင်း အရှေ့ဘက်ကမ်း ရပ်ကွက်တွင်ချုံနွယ်များနှင့် အမှိုက်များ ရှင်းလင်းသိမ်းဆည်းခြင်းကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရပ်ကွက် ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် တပ်ကုန်းမြို့နယ်တွင် သုတ၊ ရသ စာအုပ်များပေးအပ်လှူဒါန်း

တပ်ကုန်း ဇွန် ၈

တပ်ကုန်းမြို့နယ် Shine Hopeကုမ္ပဏီကိုယ်စားလှယ်များနှင့်ပညာရေး မိသားစုများ ပူးပေါင်းကျင်းပသော ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် မေတ္တာမွန်ပညာရေးထောက်ပံ့ကြေး အလှူငွေ ပေးအပ်ပွဲကို ဇွန် ၅ရက် နံနက် ၉နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး Shine Hope ကုမ္ပဏီဌာနေကိုယ်စားလှယ် ဦးညိုမောင်က ထောက်ပံ့ကြေးငွေလှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ကြေးပေးအပ်

ထို့နောက် Shine Hopeကုမ္ပဏီ မေတ္တာရှင်အဖွဲ့နှင့် ဌာနေကိုယ်စားလှယ်များ ပူးပေါင်း၍ လှူဒါန်းငွေကျပ်တစ်သိန်းအားဒေါက်တာ ဒေါ်ခင်ခင်ရီ၏ကိုယ်စားကုမ္ပဏီကိုယ်စားလှယ် ဒေါ်မြင့်မြင့်ခိုင်က မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးအား ပေးအပ်လှူဒါန်းရာ **(အောက်ဝဲပုံ)**ချို့တဲ့ကျောင်းသူ၊ကျောင်းသား များအတွက် အထက်တန်းဆင့် ကျောင်းသားတစ်ဦးလျှင်ငွေကျပ်၆၀၀၀ နှုန်းဖြင့် ခြောက် ဦး၊ အလယ်တန်းဆင့် ကျောင်းသား တစ်ဦးလျှင်ငွေကျပ် ၄၀၀၀နှုန်းဖြင့် ၁၁ဦး၊ မူလတန်းဆင့် ကျောင်းသား တစ်ဦးလျှင်ငွေကျပ် ၂၀၀၀နှုန်းဖြင့်၁၀ဦး စုစုပေါင်း ကျောင်းသား၂၇ ဦးတို့အား ထောက်ပံ့ကြေး ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက် အတွက်သုတ၊ ရသ စာအုပ်များကို ကုမ္ပဏီကိုယ်စားလှယ် ဦးဘိုပုနှင့် ဦးမြင့်ရွှေတို့က စာကြည့်တိုက်မှူး ဆရာ ဦးမျိုးမြင့်ထံပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၂၆၆)**

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှူလာစို့

ငါးပုစွန်မျိုးမပြုန်းတီးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကျိုက္ခမီ ဇွန် ၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးဦးလှမင်းဇော်၊ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထူးနှင့် ကျိုက္ခမီငါးလုပ်ငန်းရှင်များအသင်းတွဲဖက် အတွင်းရေးမှူး ဦးသန်းစိုးနှင့်အဖွဲ့ဝင်များသည် ဇွန် ၃ရက် နံနက် ၁၁ နာရီက ကျိုက္ခမီမြို့ အောင်သုခ ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသော ဒေသခံ ကမ်းဝေး ငါးဖမ်းလှေများအား ငါး၊ ပုစွန်သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ပိုက်ကွက်သုံးစွဲမှုနှင့် ငါး၊ ပုစွန်မျိုး ပေါက်ဖွားချိန်တားမြစ်နေရာများတွင် ငါးဖမ်းခြင်း မပြုလုပ်ရန် တားဆီးရေးလုပ်ငန်းများကို ကွင်းဆင်း စစ်ဆေးပြီး အရေးယူဆောင်ရွက်ခြင်းနှင့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မေ ၂၅ ရက်က ရွာင်မြို့နယ် ဗထူးခန်းမ ပန်းဥယျာဉ်အတွင်းမြေခင်းအလှပြင် စိုက်ပျိုးထားရှိမှုနှင့် ပန်းအလှပင်များ စနစ်တကျပုံဖော် စိုက်ပျိုးမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေး အဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်း စစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

သပိတ်ကျင်းမြို့နယ်တွင် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

သပိတ်ကျင်း ဇွန် ၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်(၂/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ရက် နံနက် ၁၁နာရီက သပိတ်ကျင်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ တကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီရိန်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန်းအောင်နှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက သင်တန်း၏ရည်ရွယ်ချက်များနှင့်စည်းကမ်းများ ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၆ရက်က နာရေးကူညီမှုအသင်း(ရွှေပြည်သာ)အသင်းတည်ရှိရာ အမှတ် ၆/၁၀ရပ်ကွက် သံလွင်လမ်း ရွှေပြည်သာ ပရိယတ္တိကျောင်းတိုက်တွင် အသင်းအတွက်လိုအပ်သော အလူမီနီယံခေါင်းတစ်လုံး တန်ဖိုးငွေကျပ်တစ်သိန်းကို ၁၀/၃၄ရပ်ကွက် ပုလဲလမ်းနေ ဦးကျော်-ဒေါ်လှရီ တို့က ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တနာဂိတ(ဒွိပိဋကဓရပါဠိပါရဂူ) ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး မင်းဘူးမျိုးသက်အောင်၊ ဘဏ္ဍာရေးမှူး ဦးတင်ထွန်းနှင့် စာရင်းစစ် ဦးအောင်နိုင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်းကို နှစ်စဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွက် မြို့မရပ်ကွက် ကမ်းနားလမ်းနှင့် ပေါမိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းတို့တွင် နှစ်လက်မရေပိုက်အရှည် ပေ၁၂၀၀သွယ်တန်းခြင်းလုပ်ငန်းကို မေ ၂၀ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဝေနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန်းဌေးဦးတို့ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးလှမိုး ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဝက်လက်မြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ဝက်လက် ဇွန် ၄

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၆ရက် နံနက် ၉နာရီခွဲက ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဒေါ်ယုယုနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးဒေါ်ရင်ရွှေက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။**(မြို့နယ် ပြန်/ဆက်)**



မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်နှင့် မီးရထားသံလမ်းကြား ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေမှုကို မေ၂၂ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(စစ်ဆေးရေး)နှင့် အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအေးဆွေက ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ပေါင်မြို့နယ်ကျေးရွာစာကြည့်တိုက်ဖွင့် သုတ၊ ရသနှင့်မဂ္ဂဇင်းမျိုးစုံလှူဒါန်း

ပေါင် ဇွန် ၈

ပေါင်မြို့နယ်မုတ္တမကျွဲခြံ(မြောက်ပိုင်း)ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန်၂ရက်က မုတ္တမ-ကျွဲခြံ(မြောက်ပိုင်း) ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ပေါင်မြို့နယ် မုတ္တမ ကျွဲခြံကျေးရွာအုပ်စု ကျေးရွာဥက္ကဋ္ဌဦးစံလှထွန်းတို့က မုတ္တမကျွဲခြံကျေးရွာ(မြောက်ပိုင်း) ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကိုကျင်းပရာ ပေါင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန ရပ်/သံကျွမ်းကျင်(၃)ဒေါ်အေးမြင့်က မဂ္ဂဇင်းမျိုးစုံအုပ်၅၀၊ မုတ္တမ-ကျွဲခြံကျေးရွာမှ အလှူရှင်ဦးထွန်းမောင်က သုတ၊ရသနှင့် ဂျာနယ်စာစောင်မျိုးစုံ ၃၁၅စောင်၊ ဦးမြင့်ဝေက သုတ၊ရသနှင့် မဂ္ဂဇင်းမျိုးစုံအုပ် ၁၅၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ကျေးရွာဥက္ကဋ္ဌ ဦးစံလှထွန်းက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနား ဇီးကုန်းမြို့နယ်တွင် ကျင်းပ

ဇီးကုန်း ဇွန် ၇

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့နယ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ရက် မွန်းလွဲ ၁နာရီက ကျန်းမာရေးဦးစီးဌာန အစည်း အဝေးခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကြည်လွင်က ဆေးလိပ်မသောက်ရေးနေ့နှင့် ဆေးလိပ်အန္တရာယ်အကြောင်း ရှင်းလင်းပြောကြားပြီး ကျန်းမာရေးမှူး ဦးမြင့်လွင်က ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပရခြင်းနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆွေးနွေးရာ တက်ရောက်လာကြသည့် မြို့နယ်ကျန်းမာရေးဌာန ဆရာမများက ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးဌေးနိုင်တို့ ဦးဆောင်သော စည်ပင်သာယာရေးဝန်ထမ်းများ၊ အနေးယာဉ်များ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌဦးဘတင့် ခေါင်းဆောင်သော ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့တွင်းပြေးဆွဲလျက်ရှိသော အနေးယာဉ်ဆိုက်ကားများ၊ စည်းကမ်းများ စနစ်တကျလိုက်နာခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာဆင့်ပွားသင်တန်း ထူးချွန်ဆုနှင့် သွေးလှူရှင်ဂုဏ်ပြုပွဲ ညောင်တုန်းမြို့၌ ကျင်းပ

ညောင်တုန်း ဇွန် ၆

ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာဆင့်ပွားသင်တန်း ထူးချွန်ဆုပေးပွဲနှင့် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမတွင် မေ ၃၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးစိုးမြင့်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသက်လင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်အဖွဲ့ဝင်(၂) ဦးစိုးမြင့်ထွန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်သိန်းထွန်း၊ ဧရာဝတီတိုင်းအသင်းအလုပ်အမှုဆောင် ဦးသက်လင်း **(ယာပုံ)**၊ မြို့နယ်ပညာရေးမှူးဦးစိုးဝင်းသန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးဒေါ်မြင့်မြင့်ခင် နှင့် တာဝန်ရှိသူများက အကြိမ် (၅၀)မှ (၇၀)အထိ သွေးလှူဒါန်းခဲ့သူ ၁၀ဦး၊ အကြိမ် (၄၀)မှ (၅၀)အထိ သွေးလှူဒါန်းခဲ့သူ နှစ်ဦး၊ အကြိမ်(၃၀)မှ (၄၀) အထိ သွေးလှူဒါန်းခဲ့သူ ၁၃ဦး စုစုပေါင်း ၂၅ဦးတို့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းတွင်ထူးချွန်သူကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၉၈)**

မြန်မာ့အသံ

၁၅-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (စက်မှုလုပ်ငန်းသုံးကိရိယာများနှင့်သော့အမျိုးမျိုးအကြောင်း)

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (စိတ်၏ ခွန်အား) (ဒေါက်တာအောင်မြင့်-ဆေး/မန်း)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ရွှေပန်းထိမ်ငွေပန်းထိမ်) (ဦးမင်းနိုင်)

ညနေပိုင်း

၁၇:၃၀ အစာနှင့်အာဟာရ(ကြောင်ပန်းရွက်)

၁၇:၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဆုရဧရာဝတီတိုင်းမှ ဦးမြင့်အောင်၏ စန္ဒရားလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မြန်မာ့ဆယ့်နှစ်လအကြောင်း (မောင်ထင်) (၂)ခေါင်းဆောင်မှုပညာသိကောင်းစရာ(ချစ်နိုင်-စိတ်ပညာ)

၁၉:၁၅ မန်းသီရိတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော "မိုးစက်နှင်းဆီသို့တမ်းချင်း" တေးစီးရီး

အင်းတော်မြို့နယ်၌ ရွှေဘို(၁)စပါးမျိုး နွေစပါးစံကွက်ရိတ်သိမ်း နေ့ချင်းပြီး ခြွေလှေ့၊ တစ်ကေ ၁၄၈တင်းကျော်ထွက်ရှိ

အင်းတော် ဇွန် ၈

ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်သည် ခရိုင်အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်လိုက်ပါလျက် ဇွန် ၄ရက်က အင်းတော်မြို့နယ် နတ်မဟုတ်အုပ်စု၊ နတ်မဟုတ်ကြီးကျေးရွာ ကွင်းအမှတ် (၁၀၂၄)၊ ဦးပိုင်အမှတ် (၁၇/၁)တောင်သူဦးကျော်သန်း၏ ရွှေဘို(၁)စပါးမျိုး နွေစပါးစံကွက် ရိတ်သိမ်းရာသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။ (ယာပုံ)

ရှေးဦးစွာ ရွှေဘို(၁)စပါးမျိုးကို စံကွက်ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နေ့ချင်းပြီးခြွေလှေ့ရာ တစ်ကေအစို ၁၄၈ဒသမ၉၄တင်းထွက်ရှိသည်။ ထို့နောက် မြို့နယ်မန်နေဂျာ ဦးအောင်စိုးက ရွှေဘို(၁)စပါးမျိုးမှာ တင်း ၁၅၀အထက် ထွက်ရှိနိုင်ကြောင်းနှင့် တောင်သူများကြိုက်နှစ်သက်ကြ၍ ရိတ်ခြွေပြီးလျှင်ပြီးချင်း တောင်သူအချင်းချင်း မျိုးလဲလှယ်ကာ မိုးစပါးရာသီတွင် တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်က လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(၁၃၃)**

ကော့မှူးမြို့နယ် မကျီးကန်-၄ကက် အော်စမ်း ကျေးလက်လမ်း ဂဝံခင်းခြင်းဆောင်ရွက်ရန် လမ်းအူကြောင်းတိုင်းတာခြင်းနှင့် ကျောက်စုဆောင်းမှုကို ဇွန် ၁ရက်က အမှုဆောင်အရာရှိ ဦးခွေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ဦးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအား ထောက်ပံ့ငွေပေးအပ် မြစ်ကြီးနားသို့ သွားရောက်ခွဲစိတ်ကုသနိုင်ရေး ကူညီဆောင်ရွက်ပေး

ဟိုပင် ဇွန် ၇

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်လေးဦးအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂ရက် နံနက် ၉နာရီက မူလတန်းကြိုကျောင်း နေ့ကလေးထိန်းခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်လှနုနှင့် မြို့နယ်အသင်းဝင်များက နှုတ်ခမ်းကွဲ ကလေးငယ်နှစ်ဦးအား တစ်ဦးလျှင်ထောက်ပံ့ငွေကျပ် တစ်သောင်းစီကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါက်တာနေထွန်းအောင်နှင့် အသင်းဝင်များက အာခေါင်ကွဲ ကလေးငယ်တစ်ဦးအား ထောက်ပံ့ငွေကျပ် တစ်သောင်းကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော နေ့ကလေးထိန်း မူကြိုကျောင်းတာဝန်ခံ ဆရာမ ဒေါ်အုံးတင်နှင့် အသင်းဝင်များက နှုတ်ခမ်းကွဲကလေးတစ်ဦးအား ထောက်ပံ့ငွေကျပ် တစ်သောင်းကိုလည်းကောင်း ပေးအပ်ကြသည်။

ကူညီဆောင်ရွက်ပေး

အဆိုပါ ကလေးငယ်လေးဦးအား မြစ်ကြီးနားမြို့သို့ သွားရောက်ခွဲစိတ်ကုသမှုခံယူနိုင်ရန်အတွက် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မေ ၂၉ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၀၀၀၊ အကျယ် ၁၀ပေရှိ ဘိုးဘေး-အညာစုကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

တန့်ဆည်မြို့ အောင်သာကျေးရွာ တွဲဖက်မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်ပန္နက်တင်မင်္ဂလာကျင်းပ

တန့်ဆည် ဇွန် ၆

တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ကလဇင်ကျေးရွာအုပ်စု အောင်သာကျေးရွာ တွဲဖက်မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မေ ၂၉ရက် နံနက် ၇နာရီက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

စိုက်ထူပေး

ရှေးဦးစွာ မင်္ဂလာအချိန်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးက ကျောင်းဆောင်သစ် ပန္နက်တိုင်ကို စိုက်ထူပေးပြီး **(ယာပုံ)** ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေး ကော်မတီဝင်များက သတ်မှတ်နေရာများ၌ ပန္နက်တိုင်များကို ဆက်လက်စိုက်ထူပေးကြသည်။

ကိုယ့်အားကိုယ်ကိုး

အဆိုပါ ကျောင်းဆောင်သစ်မှာ စာသင်ခန်းလေးခန်းပါ သွပ်မိုး၊ နံကပ်၊ တစ်ထပ်အမျိုးအစားဖြစ်ပြီး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဟိုပုံးမြို့တွင် ကျေးလက်စာကြည့်တိုက်များဖွင့် မဂ္ဂဇင်း၊ စာစောင်မျိုးစုံနှင့် အလှူငွေများပေးအပ်

ဟိုပုံး ဇွန် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် လုံပေါကျေးရွာအုပ်စု ထန်းဘုရားကျေးရွာ လပြည့်ဝန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၃ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့်ဦးခွန်ချွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာဝေက မဂ္ဂဇင်းစာစောင်မျိုးစုံ၅၀နှင့် ကျေးရွာရှိအလှူရှင်များက စာအုပ်မျိုးစုံ ၅၀ကို လှူဒါန်းကြပြီး စာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀၀၀၀ကိုဦးခွန်ချွန်းကပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်ဦးလှစိန်က လက်ခံရယူသည်။ အလားတူ ဟိုပုံးမြို့နယ်လုံပေါ ကျေးရွာအုပ်စုအတွင်းရှိ တုပ်ဆောက်ကျေးရွာတွင် တုပ်ဆောက်ကျေးရွာ စာကြည့်တိုက်နှင့် လုံပေါကျေးရွာတွင် ရသစုံကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများ ဆက်လက်ကျင်းပရာ ကျေးရွာအလှူရှင်များက စာကြည့်တိုက်အတွက်စာအုပ်နှင့်အလှူငွေများပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်တရားတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

နောင်တရား ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာများ ပူးပေါင်းစီစဉ်မှုဖြင့် တီကျစ်ကျေးရွာအုပ်စု၊ ဆည်ခေါင်းရွာ ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ရက် နံနက်၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နောင်တရားစခန်းမှူး ရဲအုပ်မော်မော်နှင့် ဦးအယ်စံဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ရဲအုပ်မော်မော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ငွေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ် လှူဒါန်းကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၅၀နှင့် ဆည်ခေါင်းရွာ အလှူရှင်အသီးသီးမှ စာအုပ်မျိုးစုံ ၂၂၅အုပ်ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘစီက လက်ခံရယူကြောင်း သိရသည်။ **(၃၆၉)**

ပြင်ဦးလွင်မြို့နယ်တွင် ကျန်းမာရေးအကြောင်း ပညာပေးဟောပြော သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ထောက်ပံ့ငွေပေးအပ်

ပြင်ဦးလွင် ဇွန် ၇

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းတင့်ဦးဆောင်သောအဖွဲ့သည် ဇွန် ၃ရက်က ပြင်ဦးလွင်မြို့နယ် ဒုဋ္ဌဝတီမြစ်ရိုးလေးကျေးရွာမှ ပြည်သူများအားတွေ့ဆုံ၍ ကျန်းမာရေးအကြောင်း ပညာပေးဟောပြောကြပြီး သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းတင့်က မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာခင်နွဲ့ငွေးက မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းနှင့်အဖွဲ့ဝင်ဒေါ်ကြည်မြင့်က မိခင်နှင့် အာဟာရအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။ **(ယာပုံ)**

ထို့နောက် ဝါးနက်၊ ၄က်ကြီးသိုက်၊ မကျီးအင်း၊ ဝွေးပင်ကျေးရွာရှိ သက်ကြီးရွယ်အို အဘိုး၊ အဘွား ၂၀ အား တစ်ဦးလျှင် ငွေကျပ် ၂၃၅၀စီဖြင့် စုစုပေါင်းငွေကျပ် ၄၇၀၀၀ကို ပေးအပ်ထောက်ပံ့ခဲ့ပြီး ကျေးရွာပြည်သူ ၁၅၀ အား ဆေးဝါးအခမဲ့ကုသပေးကာ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၂၈၀)**

ကြည့်ရှုစစ်ဆေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ၁၂ လမ်းမှ ညောင်ကွဲကျေးရွာအထိ စုစုပေါင်းပေ ၃၉၀၀ ရှိ ကမ်းနားမြို့ပတ်လမ်းအား စက်ယန္တရားများဖြင့် မြေဖို့ခြင်း၊ မြေကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)



ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

၂၀၀၅ခုနှစ် ဇွန်လတွင် ကျင်းပမည့် ကျောက်စိမ်းကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၄* ●

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ရေဆိုးစစ်ကန်နှင့် မြို့ပတ်လမ်းတာပေါင် မြှင့်တင်ခြင်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၁၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂ ရက် ညနေ ၃ နာရီခွဲက အောင်မြေသာစံမြို့နယ်ရှိ ရေဆိုးစစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေနှင့်သန့်ရှင်းရေးဌာနမှူး ဦးထွန်းကြည်က သင်္ဘောချောင်းရေစီးဆင်းမှုအခြေအနေနှင့် ရေဆိုးစစ်ကန်တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း ရေဆိုးစစ်ကန် မြေတူးဖော်ခြင်း၊ ရေကန် ကျောက်နံရံစီခြင်း၊ မြေသယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် အောင်မြေသာစံမြို့နယ် မြို့ပတ်လမ်းနှင့် ၁၂လမ်းထောင့်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကမ်းနားမြို့ပတ်လမ်း မြေဖို့ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၆ ■

အဖျက်အမှောင့်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများမှ ဆက်သွယ်သတင်းပေးပို့နိုင်သည့် ဌာနများ

ရန်ကုန် ဇွန် ၁၃

ပြည်သူများအနေဖြင့် မိမိတို့၏အနီးပတ်ဝန်းကျင်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ပြီး ရှောင်တိမ်းရန် ကြိုးပမ်းနေသူများ၊ အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ရန် ကြိုးပမ်းနေသည်ဟု ယူဆရသူများ၊ အဖျက်အမှောင့်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သည့် မသင်္ကာဖွယ်ရာပစ္စည်းများကို တွေ့မြင်သိရှိပါက အောက်ပါဌာနများရှိ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်—

စဉ်	ဌာန	တယ်လီဖုန်းနံပါတ်
၁	တာဝန်မှူးကြီး၊ သတင်းတပ်ဖွဲ့မှူးရုံး	၀၁-၅၄၉၇၅၉
၂	ရန်ကုန်တိုင်းသတင်းတပ်ဖွဲ့ရုံး၊ ရန်ကုန်မြို့	၀၁-၂၉၄၅၈၂
၃	စရဖ၊ ရန်ကုန်	၀၁-၅၆၂၇၄၆
၄	စရဖ၊ ဒလ	၀၁-၂၆၉၅၇၃
၅	စရဖ၊ မင်္ဂလာဒုံ	၀၃၁-၂၇၀၆၀
၆	တာဝန်မှူးကြီး၊အထက်မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ခွဲမှူးရုံး၊ မန္တလေးမြို့	၀၂-၃၀၀၃၈
၇	မန္တလေးတိုင်းသတင်းတပ်ဖွဲ့ရုံး၊ မန္တလေးမြို့	၀၂-၆၀၃၄၄
၈	စရဖ၊ မန္တလေး	၀၃၃-၃၃၁၈၂
၉	မကွေးတိုင်း သတင်းတပ်ဖွဲ့ရုံး၊ မကွေးမြို့	၀၆၃-၂၃၆၉၁
၁၀	ကချင်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ မြစ်ကြီးနားမြို့	၀၇၄-၂၂၄၅၀
၁၁	စရဖ၊ မြစ်ကြီးနား	၀၇၄-၂၂၄၄၃
၁၂	စစ်ကိုင်းတိုင်းသတင်းတပ်ဖွဲ့ရုံး၊ မုံရွာမြို့	၀၇၁-၂၁၅၆၄
၁၃	စရဖ၊ မုံရွာ	၀၇၁-၂၃၆၆၀
၁၄	ရှမ်းပြည်နယ်(မြောက်ပိုင်း)သတင်းတပ်ဖွဲ့ရုံး၊ လားရှိုးမြို့	၀၈၂-၂၃၀၅၇
၁၅	စရဖ၊ လားရှိုး	၀၈၂-၂၄၀၇၄
၁၆	ရှမ်းပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ တောင်ကြီးမြို့	၀၈၁-၂၁၀၅၄
၁၇	စရဖ၊ တောင်ကြီး	၀၈၁-၂၄၆၃၀

စဉ်	ဌာန	တယ်လီဖုန်းနံပါတ်
၁၈	ရှမ်းပြည်နယ်(အရှေ့ပိုင်း)သတင်းတပ်ဖွဲ့ရုံး၊ ကျိုင်းတုံမြို့	၀၈၄-၂၁၀၂၀
၁၉	စရဖ၊ ကျိုင်းတုံ	၀၈၄-၂၂၈၇၈
၂၀	ကယားပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ လွိုင်ကော်မြို့	၀၈၃-၂၁၀၆၇
၂၁	ချင်းပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ ဟားခါးမြို့	၀၇၀-၂၁၁၄၉
၂၂	ပဲခူးတိုင်းသတင်းတပ်ဖွဲ့ရုံး၊ ပဲခူးမြို့	၀၅၂-၂၁၀၅၀
၂၃	စရဖ၊ တောင်ငူ	၀၅၄-၂၇၃၁၈
၂၄	ပဲခူးတိုင်း(အနောက်ပိုင်း)သတင်းတပ်ဖွဲ့ရုံး၊ ပြည်မြို့	၀၅၃-၂၄၂၆၅
၂၅	တနင်္သာရီတိုင်းသတင်းတပ်ဖွဲ့ရုံး၊ မြိတ်မြို့	၀၅၉-၄၁၁၆၃
၂၆	စရဖ၊ မြိတ်	၀၅၉-၄၁၉၇၄
၂၇	မွန်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ မော်လမြိုင်မြို့	၀၅၇-၂၁၃၂၀
၂၈	စရဖ၊ မော်လမြိုင်	၀၅၇-၂၅၈၀၀
၂၉	ရခိုင်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ စစ်တွေမြို့	၀၄၃-၂၃၈၈၉
၃၀	စရဖ၊ စစ်တွေ	၀၄၃-၂၁၁၄၅
၃၁	ဧရာဝတီတိုင်းသတင်းတပ်ဖွဲ့ရုံး၊ ပုသိမ်မြို့	၀၄၂-၂၅၁၃၅
၃၂	စရဖ၊ ပုသိမ်	၀၄၂-၂၄၂၆၀
၃၃	ကရင်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ ဘားအံမြို့	၀၅၈-၂၁၄၈၂
၃၄	စရဖ၊ ဘားအံ	၀၅၈-၂၁၄၅၆

(သတင်းစဉ်)

14-6 (20) 1 3/24/05, 1:00 PM